ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (27-5-2004) (၄၂၄၆)

ယနေ့ထုတ်စောင်ရေ ၁၉၆၉၃၆

ဗြဟ္မစရိယဥ္စ တေံ မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူအချင်းချင်း၊ ဌာနအချင်းချင်း အမြဲမပြတ်ညှိနှိုင်းတိုင်ပင် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ၊ ပြည်သူများပူပေါင်းပါဝင်မှုစွမ်းအားများပေါင်းစပ် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်လိုက်ပါလျက် မေ ၂၅ ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ် လွိုင်လင်မြို့မှ တစ်ဆင့် အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဒေါ်မြင့်မြင့်သောင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်းမ၌ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၅ ရက်က ပင်လုံမြို့၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရည်ညွှန်းသော ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ် ကျောက်တိုင် အရှည်တည်တံ့ရန် ထိန်းသိမ်းဆောင်ရွက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။(အပေါ်ပုံ) **ရှမ်းပြည်နယ် လွိုင်လင်မြို့ အစိုးရကွန်ပျူတာ ကောလိပ်(ပင်လုံ) အဆောက်အအုံကို တွေ့ရစဉ်။**

(အောက်ပုံ) (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၅-၂၀၀၄
(ကြာသပတေးနေ့)

မြို့ရွာဒေသ အေးချမ်းသာယာဖွံ့ဖြိုးရေး နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်းကြီးသုံးရပ်တွင်ပါဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်စီမံကိန်းတို့ကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်နယ်နှင့်တိုင်းဒေသအနှံ့သို့သွားရောက်၍ တည်ဆောက်ရေးစီမံကိန်းများ၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် မေလ ၂၄ ရက်နေ့က ရှမ်းပြည်နယ် နမ့်စန်မြို့၊ မိုးနဲမြို့၊ ကျိုင်းတောင်းမြို့နှင့် လွိုင်လင်မြို့တို့သို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း လွိုင်လင်မြို့သို့ရောက်ရှိစဉ် လွိုင်လင်မြို့ နဝရတ်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် **ပြည်သူများအပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ စေတနာအပေါ် တုံ့ပြန်ပြီး မိမိတို့ရပ်ရွာ ဒေသတည်ငြိမ်အေးချမ်းမှု အပြည့်အဝဖြစ်ထွန်းစေရအောင်၊ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းပြီး မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် မိမိတို့မှာလည်းတာဝန်ရှိသည် ဆိုသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်က ဖွံ့ဖြိုးရေးအထူးဒေသကြီး စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိရာတွင် လွိုင်လင်ခရိုင် ၁၁ မြို့နယ် ဖွံ့ဖြိုးရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါဒေသတွင် ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်း၏ အင်္ဂါရပ်များနှင့် အညီ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးရေး အစီအမံများကို ဘဏ္ဍာငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် လွိုင်လင်ခရိုင် ၁၁ မြို့နယ်လုံးရှိ မြို့နယ်ဆေးရုံများကို ၁၆ ခုတင်ဆံ့ ဆေးရုံအဆင့်မှ ၂၅ ခုတင်ဆံ့ဆေးရုံများအဆင့်သို့ တိုးမြှင့်ပေးခဲ့သည့်အပြင် လွိုင်လင်ခရိုင် ပြည်သူ့ဆေးရုံကြီးကိုလည်း ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ်သို့ အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လုံတက္ကသိုလ်၊ ပင်လုံအစိုးရနည်းပညာကောလိပ်၊ ပင်လုံကွန်ပျူတာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ဒေသတွင်း၌ပင် အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ကြပြီဖြစ်သည်။

ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်ချင်းဆက်သွယ်သည့် လမ်းများသာမက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဆက်သွယ်သည့် လမ်းများကိုပါ တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။ ယခုအခါ လွိုင်လင်ခရိုင် ၁၁ မြို့နယ် ဒေသတစ်ခုလုံး၌ လမ်းမကြီးများ လက်ယှက်ထိုးပေါ်ထွန်းလာခဲ့ပြီး အရှေ့နှင့်အနောက်သာမက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ပါ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်လာလျက်ရှိသည်။

ယင်းကဲ့သို့ လွိုင်လင်ခရိုင် တစ်ခုလုံး အချိန်တိုကာလအတွင်း ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာခြင်းများသည် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသည့်စေတနာကို ညွှန်ပြလျက်ရှိနေပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ စေတနာကို အလေးအနက်ထားပြီး မိမိတို့မြို့ရွာဒေသများ တည်ငြိမ်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးကြိုးပမ်းရာတွင် မိမိတို့ကိုယ်တိုင်လည်း တာဝန်ရှိသည်ဟူသော သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✡ **အလိုတော်ပြည့်မှ**

တာဝန်ရှိသူများ၊ အလိုတော်ပြည့်ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဓမ္မာစရိယ သင်တန်းနည်းပြဆရာတော် (သ-စ-အ)အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသနှင့် နာယကချုပ် ဓမ္မာစရိယ သင်တန်းနည်းပြဆရာတော်(သ-စ-အ) အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသတို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဓမ္မာစရိယ သင်တန်းနည်းပြ ဆရာတော် (သ-စ-အ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသက ဩဝါဒအနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆဋ္ဌမအကြိမ် နွေရာသီ ဓမ္မာစရိယသင်တန်းကို ၂၀၀၄ ခုနှစ် ဧပြီ ၂၄ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ပြီး သင်တန်းသား သံဃာတော်များနှင့် သင်တန်းသူ သီလရှင် စုစုပေါင်း အပါး ၁၂၆၀တို့ တက်ရောက်တော်မူခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် နွေရာသီ ဓမ္မာစရိယသင်တန်းဆင်းပွဲအခမ်းအနားတွင် နာယကချုပ် ဓမ္မာစရိယ သင်တန်းနည်းပြဆရာတော် (သ-စ-အ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးမြင့်အား မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဆူဒန်သမ္မတနိုင်ငံတို့အကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဆူဒန်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၄ ခုနှစ် မေ ၂၀ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက် အသွယ်ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံသံအမတ်ကြီး များက ၂၀၀၄ ခုနှစ် မေ ၂၀ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ (သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ညီစေတဲ့ညီစေ

☆ ညီစေတဲ့ ညီစေ၊
ဒို့မြန်ပြေ(ပြည်)လှေတော်သားတို့
မွန်ကယား ရှမ်းကချင်
ကရင်ဗမာ ရခိုင်ချင်းတို့
သွေးသားရင်း စုံလင်ပေ
ရာကျော်နေ တိုင်းရင်းသား၊
ရှက်အစုံ တက်ကုန်ဖွင့်
လွှင့်ကြစို့လား။

☆ ညီစေတဲ့ ညီစေ၊
မုန်တိုင်းလေ လှိုင်းရေပုတ်
လှေမြှုပ်မည့်သည်အကြံ
ဝိုင်းလို့တွန်းလှန်
ပြည်တွင်းနဲ့ ပြည်ပရန်
တွန်းလှန်ကြအများ၊
အဖျက်ရန် ဆူးအငြိကို
ထူးသတိထား။

☆ ညီစေတဲ့ ညီစေ၊
တို့ရဲ့လှေ ပြည်ထောင်စုကိုလ
ရည်ဆောင်ပြု ဆိပ်မြတ်ကမ်းသာ
သိပ်ကပ်လှမ်းလာ
ရောက်ဖို့ရာရှေ့နား၊
ရှေ့လမ်းစဉ် ခုနစ်ရပ်နဲ့
ရှေ့တန်းတင် မွန်အမြတ်ပေမို့
ဆိုက်ကပ်ဖို့အားလုံးညီ
"အရေးကြုံပြီ သွေးဆုံကြပါစို့
အရေးထဲ သွေးမကွဲကြပါနဲ့
အရေးရှိ သွေးညှိကြပါစို့"
လှေခွက်ချည်းကျန် အလံမလှဲစတမ်းသာပ
ရေပွက်ဟည်းသံ ညံမစဲပါဘု
(ပြည်ထောင်စုသားတို့ရယ်) နှဲ့ကြစို့လား။ ။

တက္ကသိုလ်တင်ခ

ဆုတောင်းပြည့် ကြေးတော်ကြီးဘုရားတွင် တရားပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၃) ဒေးဒရဲကျောင်း ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက်အတွင်း၌ ၁၃၆၆ ခုနှစ် နယုန်လပြည့်နေ့ (ဗုဒ္ဓဟူးနေ့)တွင် စိန်စည်သာသနာ့ရိပ်သာ မဟာစည်သြဝါဒခံ ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာသိဒ္ဓိသည် ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြင့်မြတ်သန့်စင် သာသနာ့မြေတစ်ခွင်

ဂေါပကအဖွဲ့ဝင်တစ်ဦး

"မလ္လတို့သည် အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြ၏။ အဘယ်သို့ပင် မီးတိုက်စေကာမူ မလောင်ဘဲဖြစ်နေ၏။

မဟာကဿပ ရောက်လာသောအခါ ထင်းပုံကို လက်ယာရစ်လှည့်လည်ပြီးနောက် မြတ်စွာဘုရား၏ခြေတော်ကို ဦးခိုက်ပူဇော်၏။ ရဟန်းငါးရာတို့လည်း ထိုအတိုင်းပြု၏။ သူတို့ ပူဇော်ပြီးသောအခါ ထင်းပုံသည် အလိုအလျောက် မီးတောက်လောင်၏။ မြတ်စွာဘုရား၏ ကိုယ်တော်မှ အရေ၊ အသား၊ အကြော စသည်တို့ ပြာကျသွား၏။ အရိုးသာ ပြာမကျဘဲ ကြွင်းကျန်၏။ မလ္လတို့သည် မြတ်စွာဘုရား၏ အရိုးတို့ကို ကောက်ကာ သူတို့၏ သန္ထာဂါရတွင် ထား၍ အမျိုးမျိုးသော နံ့သာ၊ အတီးအမှုတ်၊ အက၊ အဆိုတို့ဖြင့် ပူဇော်၏။

မဂဓမင်း အဇာတသတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသော သတင်းကို ကြားရ၏။ ကုသိနာရာသို့ တမန်လွှတ်ကာ အရိုးကို တောင်းစေ၏။ ထို့အတူ ဝေသာလီ လိစ္ဆဝီတို့သည်လည်းကောင်း၊ ကပိလဝတ်မှ သကျတို့သည်လည်းကောင်း၊ အလ္လကပ္ပကတိုင်းမှ ဗုလသတို့သည်လည်းကောင်း၊ ရာမဂါမမှ ကောလိယတို့သည်လည်းကောင်း၊ ဝေဋ္ဌဒီပမှ ဗြာဟ္မဏတို့သည်လည်းကောင်း၊ ပါဝါမှ မလ္လတို့သည်လည်းကောင်း အသီးသီး တမန်လွှတ်ကာ မြတ်စွာဘုရား၏ အရိုးကို တောင်းဆိုကြ၏။ ကုသိနာရာမှ မလ္လတို့ကလည်း မပေးနိုင်ကြောင်း ပြော၍ အချင်းများနေ၏။

ဒေါဏပြဟ္မဏက ပြန်ဖြေ၏။ "ငါတို့၏ ဗုဒ္ဓသည် သည်းခံလေ့ရှိ၏။ သည်းခံသော ဗုဒ္ဓ၏အရိုးကို ငြင်းခုန်၍ ယူကြသည်မှာ နည်းလမ်းမကျပါ။ သင်တို့အလုံးစုံသည် ဗုဒ္ဓ၏အရိုးတို့ကို အညီအညွတ်ဝေ၍ ယူကြပါ။ သင်တို့အားလုံးပင် ဗုဒ္ဓကို ကြည်ညိုသူများပင် ဖြစ်ကြ၏"

ဒေါဏပြဟ္မဏသည် ဗုဒ္ဓ၏အရိုးဓာတ်တို့ကို ရှစ်စုခွဲပြီး ပြောပြ၏။ "သင်တို့၏ အရိုးဓာတ်ထည့်သော အိုးတို့ကို ငါ့အား ပေးကြပါ၊ ငါသည် ထိုအိုးတို့ကို စေတီတည်ကာ ပူဇော်ပါမည်"

အရိုးဓာတ်တို့ကို အညီအမျှခွဲဝေပြီးနောက် ပိပ္ပလိမှ မောရိယတို့၏ တမန်ရောက်လာ၏။ သို့သော် အရိုးဓာတ်တို့ကား မရှိတော့ချေ။ မီးသွေးသာရ၍ သွား၏။ သူတို့သည် မီးသွေးကိုသာ စေတီတည်ကာ ကိုးကွယ်ကြ၏။ သို့ဖြင့် အရိုးဓာတ်စေတီရှစ်ဆူ၊ အိုးစေတီတစ်ဆူနှင့် မီးသွေးစေတီတစ်ဆူ ဖြစ်ပေါ်လာခဲ့၏။"

(ဦးသော်ဇင်-မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ)

ထိုသို့ဖြင့် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ရတနာသုံးပါးကို ယုံကြည်အားထားကိုးကွယ် ဆည်းကပ်ကြသော ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရား၏ကိုယ်စား ကိုယ်ပွားအားဖြင့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ စသည်ဖြင့် စေတီလေးပါးကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် သာသနာပြုမင်းတို့၏ ချီးမြှောက်ထောက်ပံ့မှုဖြင့် ဗုဒ္ဓကိုယ်ပွား စေတီဘုရားများကို တည်ထားကိုးကွယ်ခြင်း၊ ဗုဒ္ဓ၏အဆုံးအမ၊ တရားဓမ္မနှင့်အညီ ကျင့်ကြံအားထုတ်ခြင်း၊ သံဃာတော်တို့အား ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း စသည်ဖြင့် ဗုဒ္ဓသာသနာ့အရောင်ကို ထွန်းပြောင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာတို့ အဓိကထားသည့် ကျင့်ဝတ်တစ်ရပ်မှာ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် "မြန်မာလူမျိုးအကြောင်းသိလိုလျှင် သူတို့ ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓဘာသာကို နားလည်အောင် ပထမဦးစွာ လေ့လာသင့်သည်"ဟု H. Fielding Hall က ဆိုခဲ့သည်။ "သူတို့ နေအိမ်များမှာ အလင်းရောင်ကောင်းစွာရသကဲ့သို့ သူတို့၏ဘာသာရေးမှာလည်း နေရောင်ကဲ့သို့ အလွန်ပင် ထွန်းလင်းတောက်ပြောင်လှပေသည်"ဟု သူက ဆိုခဲ့သည်။

သာသနာပြုမင်းတို့နှင့်တကွ ဗုဒ္ဓဘာသာဝင် မြန်မာတို့ ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးများနှင့်တကွ သာသနိက အဆောက်အအုံတို့သည် မြန်မာတို့၏ မိမိတို့ဘာသာအပေါ် ယုံကြည်မှုသဒ္ဓါတရား၊ မိမိတို့၏ ယဉ်ကျေးမှုအဆင့်အတန်း၊ မိမိတို့၏ဂုဏ်သိက္ခာ၊ မိမိတို့၏ဇာတိမာန်ကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။

ဗုဒ္ဓမြတ်စွာကို ယုံကြည်အားထား ကိုးကွယ်ဆည်းကပ်ခြင်း၊ တရားဓမ္မနှင့်အညီ လိုက်နာကျင့်ကြံခြင်း၊ သံဃာတော်တို့၏ အဆုံးအမကို ခံယူခြင်းများကြောင့်ပင်မြန်မာတို့သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ နေထိုင်နိုင်ခဲ့ကြသည်။ သာသနာအရောင် ထွန်းပြောင်သည်နှင့်အမျှ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းသည်လည်း ထွန်းလင်းတောက်ပြောင်နေမည် ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် သာသနာ့ဒါယကာအဖြစ် ခံယူကာ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာသမိုင်းတွင် သာသနာ့အရောင် အထွန်းပြောင်ဆုံးသော အချိန်အခါသမယ ဖြစ်ပါသည်။

ယင်းသို့ နိုင်ငံအကြီးအကဲများက ဦးဆောင်ဦးရွက်ပြု၍ ဗုဒ္ဓသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း၌ ကြည်ညိုဖွယ် သပ္ပာယ်တင့်တယ် လှပစွာသော စေတီပုထိုးများ၊ ခန့်ညားထည်ဝါလှစွာသော သာသနိကအဆောက်အအုံများကို ဖူးမြင်တွေ့ရှိကြပေသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့အနေဖြင့်လည်း မိမိတို့ ကိုးကွယ်ဆည်းကပ်ကြသော စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိသကဲ့သို့ စေတီပုထိုးများနှင့် သာသနာ့ပရိဝုဏ်၏ မြင့်မြတ်သန့်စင်မှုကို မစွန်းမထင်း၊ မညစ်မနွမ်းရလေအောင် အလေးထား ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်လည်း ရှိနေပါသည်။

မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓကိုယ်ပွား စေတီပုထိုးများသို့ အဖူးအမြော်လာရောက်ကြခြင်းသည်ကား ဗုဒ္ဓမြတ်စွာကို ကြည်ညိုအားထားကြ၍ ဗုဒ္ဓ၏အရိပ်အာဝါသကို ခိုလှုံကြခြင်းဖြင့် စိတ်၏အေးငြိမ်းချမ်းသာခြင်းသုခကို ခံစားလိုကြ၍၊ ဗုဒ္ဓ၏တရားဓမ္မနှင့်အညီ ကျင့်ကြံအားထုတ်လိုကြ၍ ဖြစ်ပါသည်။

ယင်းသို့ အဆူဆူသော စေတီပုထိုးများသို့ ရှိခိုးပူဇော်ရန်၊ အလှူဒါနပြုရန်၊ သူတော်ကောင်းတရား ပွားများရန်၊ စိတ်၏အေးငြိမ်းချမ်းသာမှုကို ရရှိခံစားနိုင်ရန် လာရောက်ကြသူများသည် ၎င်းတို့ ရည်မှန်းသည့်အတိုင်း ပြည့်ပြည့်ဝဝ ခံစားနိုင်ကြပါသလား၊ လက်တွေ့အားဖြင့် အပြည့်အဝမခံစားနိုင်ကြ၊ စိတ်အနှောင့်အယှက်ဖြစ်စေမှုများ ရှိနေပါသည်။ ယင်းကား စေတီပုထိုးတို့၏ မွန်မြတ်သန့်စင်သော သာသနာ့ပရိဝုဏ်၌ သမုဒယဖွဲ့နှောင် ကိလေသာအမှောင်ဖြင့် အညစ်အနွမ်းပြုနေကြသော မောင်နှံစုံတွဲတို့ကြောင့်ပင် ဖြစ်ပါတော့သည်။

စေတီတော်နှင့်တကွ ဗုဒ္ဓသန္တကပစ္စည်းအရပ်ရပ်ကို စောင့်ရှောက်ထိန်းသိမ်းကြသော ဂေါပကအဖွဲ့တို့ကလည်း တတ်နိုင်သမျှ မေတ္တာရပ်ခံ ဖယ်ရှားကြသည်။ ရှေ့က သွား၊ နောက်က ရောက်လာ "မှန့်လုံးစက္ကူကပ်" အဖြစ်များလည်း ရှိခဲ့သည်။ တစ်ခါတစ်ရံ မချေမငံ နှုတ်လှံထိုးခံရသည်များလည်း ရှိခဲ့သည်။

တစ်ခါက စာရေးသူ၏ ဌာနအကြီးအကဲ ဦးဆောင်ညွှန်ကြားရေးမှူး၏ ဇနီးနှင့် အဖွဲ့သည် ဘုရားဖူးလာသည်။ စာရေးသူက မိတ်ဆက်စကားပြောပြီး စေတီတော်သမိုင်းကို ရှင်းလင်းတင်ပြသည်။ သည်တော့ "အေးကွယ်၊ မင်းတို့စေတီတော်ကြီးက တင့်တယ်၊ သပ္ပာယ်၊ ကြည်ညိုဖွယ်လည်း ကောင်းလှပါရဲ့၊ တရားအားထုတ်ဖို့ နေရာတွေလည်း သီးသီးသန့်သန့်၊ ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိပါရဲ့၊ ဒါပေမယ့် စုံတွဲတွေကတော့ ယိုသူမရှက် မြင်သူရှက် ဆိုးလှသကွယ်"ဟု အကြီးအကဲ၏ ဇနီးက ဆိုလိုက်တော့ စာရေးသူ ဖြုန်းခနဲ ချောက်ထဲကို ဇောက်ထိုးကျသွားသလို ခံစားခဲ့ရဖူးပါသည်။

ဂေါပကအဖွဲ့အနေဖြင့်လည်း ဝန်ထမ်းများကို တာဝန်ပေးပြီး တတ်နိုင်သမျှ ရှင်းလင်းစေသည်။ သို့သော် အထက်က ဆိုခဲ့သည့်အတိုင်း ရှင်းလင်းသည့်အခိုက်အတန့်သာ။ နောက်ပိုင်း ပြန်ရောက်၊ ပြန်ရှင်းနှင့် သံသရာလည်နေသည်။ ပီပီပြင်ပြင် မထိန်းသိမ်းနိုင်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

သာသနာ့ပရိဝုဏ်အတွင်း စုံတွဲများ မဖွယ်မရာ၊ မလျော်မကန် ပြုမူနေထိုင်ကြခြင်းကြောင့် သာသနာကို ညစ်နွမ်းစေသည်။ တရားဓမ္မကို ကျင့်ကြံအားထုတ်ကြသော သူတော်ကောင်းတို့နှင့်တကွ ရဟန်းသံဃာတော်တို့အား စိတ်အနှောင့်အယှက်ပြုနေကြသည့် အခြေအနေကို နိုင်ငံ့အကြီးအကဲများက သိရှိပြီး သာသနာ့ပရိဝုဏ်နှင့် သာသနာ့နယ်မြေ သန့်စင်ရေး၊ တိုင်းတစ်ပါးသားလူမျိုးများအမြင်တွင် ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ဖွယ်များ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို ချမှတ်ပေးလိုက်ပြီဖြစ်ပါသည်။

"လိုအပ်သော ဒေသန္တရ အမိန့်များ ထုတ်ပြန်ရန်၊ သတိပေးဆိုင်းဘုတ်များ ရေးထိုးစိုက်ထူရန်၊ ပညာပေး ဖယ်ရှားရန်၊ မရကအရေးယူဆောင်ရွက်ရန်" စသည့် လမ်းညွှန်မှုများနှင့်တကွ အောက်ပါအတိုင်း လုပ်ငန်းအဆင့်များကို ချမှတ်ပေးထားပြီးဖြစ်ပါသည်။

"စေတီတော် ရင်ပြင်တော်နှင့်တကွ သာသနိကပရိဝုဏ်အတွင်း မဖွယ်မရာ၊ မလျော်မကန် ပြုမူနေထိုင်ကြသော စုံတွဲများကို တွေ့ရှိပါက-

ပထမအဆင့်။ သတိပေးဆုံးမပြီး မှတ်တမ်းတင်ထားရှိရန်။

ဒုတိယအဆင့်။ မှတ်တမ်းဓာတ်ပုံရိုက်ယူပြီး မိဘ/အုပ်ထိန်းသူများထံ ဆက်သွယ်အသိပေး အပ်နှံရန်။

စာရေးသူတို့ ဂေါပကအဖွဲ့အနေဖြင့် အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ခဲ့ပြီး ဂေါပကအဖွဲ့ဝင်များနှင့်တကွ အဆင့်ဆင့်သော ဝန်ထမ်းများကိုလည်း အသီးသီး အသက အသက တာဝန်များ ချထားဆောင်ရွက်ခဲ့သဖြင့် နိုင်နိုင်နင်းနင်း ဖယ်ရှားသန့်စင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခြေအနေကောင်းကို ပွဲပြီးမီးသေ သဘောမထားဘဲ အစဉ်အမြဲ ဆက်လက်ထိန်းသိမ်းရန်ကား လိုအပ်နေပါသေးသည်။

ဤနေရာတွင် ဘုရားဖူးလာသူများအနေဖြင့်လည်း သတိချပ်ရန် လိုအပ်ပါသည်။ သာသနာပရိဝုဏ်နှင့် သာသနာ့မြေသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေရာဖြစ်ပါသည်။ မကောင်းမှုဟူသမျှ ကင်းဝေးရာ နေရာလည်းဖြစ်ပါသည်။ မကောင်းမှုဟူသမျှကို ကာယကံ၊ ဝစီကံဖြင့်မဆိုထားနှင့် မနောကံဖြင့်ပင် စိတ်ကူးကြံစည် ပြစ်မှားခြင်းမှ ရှောင်ကြဉ်ရမည့်နေရာ ဖြစ်ပါသည်။

တစ်ခါတစ်ရံ ဘုရားဖူးလာသူ မြန်မာအမျိုးသမီးအချို့၏ အနောက်တိုင်းဆန်ဆန် မလုံ့တလုံ ဝတ်စားဆင်ယင်မှုများ၊ ထဘီကွဲ၊ စကတ်ကွဲ၊ ဘောင်းဘီအတို၊ အရှည်စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများသည် တွေ့မြင်ရသူ ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ပါသည်။ အဆိုပါ အမျိုးသမီးအချို့သည် ၎င်းတို့၏ ဝတ်စားဆင်ယင်မှုကြောင့် ကုသိုလ်မရသည့်အပြင် အကုသိုလ်ပင် ဖြစ်စေပါသည်။ ဘုရားဖူးလာသူများအတွက်လည်း စိတ်အနှောင့်အယှက် များစွာဖြစ်စေပါသည်။

သို့ပါ၍ ဘုရားဖူးလာသူ အမျိုးသမီးများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြရန် အထူးလိုအပ်ပါသည်။

စေတီပုထိုးများသို့ လာရောက်ဖူးမြော်ကြသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကလည်း မိမိတို့ မွန်မွန်မြတ်မြတ် အားထားကိုးကွယ်ရာ ဗုဒ္ဓကိုယ်ပွား၊ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များနှင့်တကွ သာသနိကနယ်မြေသန့်စင်ရေး၊ လာရောက်ကြသော သူတော်ကောင်းများကို စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ တိုင်းတစ်ပါးလူမျိုးများ အမြင်တွင် ကဲ့ရဲ့ရှုတ်ချပြစ်တင်ဖွယ် မဖြစ်စေရေးတို့အတွက် ဝိုင်းဝန်းစောင့်ရှောက်ကြရန် လိုအပ်ပါသည်။ ယင်းသို့ စောင့်ရှောက်ကြခြင်းသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃတည်းဟူသော ရတနာသုံးပါးနှင့်တကွ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်ခြင်းဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်တိုင်းက အလေးထား ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ရေကြောင်း ရဲညွှန့်လောင်း သင်တန်းသားများ ရန်ကုန်မြစ်အတွင်း လှည့်လည်လေ့လာ

ရန်ကုန် မေ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်း ရဲညွှန့်လောင်း သင်တန်း(ရန်ကုန်စခန်း)၏ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)တို့မှ သင်တန်းသား ၇၀ ဦးတို့သည် သင်တန်းတာဝန်ခံ ဗိုလ်မှူးသိန်းထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ လိုက်ပါ၍ မေ ၂၂ ရက်တွင် စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်းအတွင်း လှည့်လည်လေ့လာကြပြီး ရေတပ်သင်္ဘောကျင်း ဌာနချုပ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် သန်လျင်မြို့နယ် ကျိုက်ခေါက်စေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်၍ စေတီတော်အတွက် အလှူငွေကျပ် ၁၂၃၄၀ ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ဗုဒ္ဓဓမ္မဒီပလိုမာအောင်လက်မှတ် ချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

ပဉ္စမအကြိမ် ဗုဒ္ဓဓမ္မဒီပလိုမာ အောင်လက်မှတ် ချီးမြှင့်ပွဲနှင့်၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာသင်တန်းသားသစ် ကြိုဆိုပွဲအခမ်းအနားကို ဇွန် ၁ရက် နံနက် ၉ နာရီတွင် သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓဓမ္မဒီပလိုမာအောင်လက်မှတ်ယူကြမည့် သင်တန်းသားများနှင့် ဒီပလိုမာတက်ရောက်မည့် သင်တန်းသားအသစ်များ အစမ်းလေ့ကျင့်ပွဲကို မေ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ နံနက် ၁၀နာရီတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** The Gross Domestic Product (အိမ်တွင်းစီးပွား၊ ဥပဒေ)
- **၅:၃၅** ၁၀။ တိုင်းကျိုးပြည်ပြုဒို့ရေးရှု
- **၅:၄၅** ၁၁။သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ" (အပိုင်း-၆)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင် သိုင်းညီနောင်ငါးဖော်" (အပိုင်း-၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကြေးမုံ The Mirror
နိုင်ငံတကာသတင်းများ

အီရတ်ရှေးဟောင်းပစ္စည်းများကို အီတလီတပ်ဖွဲ့ဝင်များ မှောင်ခိုထုတ်စဉ်ဖမ်းဆီးမိ အီရတ်စစ်ပွဲကြောင့် အီရတ်အမျိုးသားပြတိုက်မှ ရှေးဟောင်းပစ္စည်းများ ပျောက်ဆုံးခဲ့ရ

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့တွင် စခန်းချနေသည့် အီတလီတပ်ဖွဲ့ဝင်များက အီရတ်ရှေးဟောင်းပစ္စည်းများကို မှောင်ခိုထုတ်ရန် ကြိုးပမ်းသည့်အကြံအစည်သည် အီရတ်အကောက်ခွန်ရဲတပ်ဖွဲ့ဝင်များ၏ ဖော်ထုတ်မှုကြောင့် ပျက်ပြားသွားခဲ့ရကြောင်း အယ်လ်ဆာဒါသတင်းစာက တနင်္လာနေ့တွင် ရေးသားလိုက်သည်။

အီရတ်နိုင်ငံ၏ ခေတ်အဆက်ဆက်မှ ရှေးဟောင်းပစ္စည်းများကို မှောင်ခိုထုတ်ရန် ကြိုးပမ်းမှုသည် အီရတ်အကောက်ခွန်ဌာနမှ အဖွဲ့ဝင်များ၏ ဖော်ထုတ်မှုကြောင့် ပျက်ပြားခဲ့ရကြောင်း၊ အကောက်ခွန် ရဲတပ်ဖွဲ့က အီရတ်ကူဝိတ်နယ်စပ်သို့ ဦးတည်မောင်းနှင်နေသည့် အီတလီတပ်ဖွဲ့မှ ဂျစ်ကားတစ်စီးအတွင်း ရှေးဟောင်းပစ္စည်းများကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်ကြောင်း အပေါင်းပါ တပ်ဖွဲ့နှင့်နီးစပ်သည့် သတင်းစာက ရေးသားသည်။

ရေးသား

ယင်းသို့ရှေးဟောင်းပစ္စည်းများ ပြည်ပသို့ မှောင်ခိုခိုးထုတ်မှုမှာ ပထမအကြိမ်မဟုတ်ကြောင်း၊ အပေါင်းပါတပ်ဖွဲ့ဝင်များသည် မှောင်ခိုခိုးထုတ်မှုများကို ကြီးမားသည့် အတိုင်းအတာဖြင့် ပြုလုပ်နေကြခြင်းဖြစ်ပြီး ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ကြီးကြပ်မှုအောက်မှ အထူးလုပ်ငန်းအဖွဲ့များက ရှေးဟောင်းအပျက်အစီး နေရာ ၇၀၀ ကျော်တို့ကိုရှာဖွေဖော်ထုတ်ခဲ့ကြကြောင်း အဆိုပါ သတင်းစာက ထောက်ပြရေးသားသည်။

အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲကာလအတွင်း အီရတ်အမျိုးသားပြတိုက်အား လုယက်ခိုးယူကြရာ ရှေးဟောင်းပစ္စည်း ၁၄၀၀၀ ကျော် ခိုးယူခြင်းခံခဲ့ရပြီး အများစုပစ္စည်းများကို ပြည်ပသို့ မှောင်ခို ခိုးထုတ်ခဲ့ကြသည်။

အီရတ်နိုင်ငံတွင် ခေတ်အဆက်ဆက်နှင့် သက်ဆိုင်နေသည့် ရှေးဟောင်းနေရာ၁၀၀၀၀ကျော်ရှိပြီး ၎င်းနေရာများကို ရန်ပုံငွေအခြေအနေအရအီရတ်ရှေးဟောင်းသုတေသီများက တူးဖော်နိုင်ခြင်းမရှိခဲ့ပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကန်ဌာနချုပ်အနီး ကားဗုံးပေါက်ကွဲ လေးဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၅

ဘဂ္ဂဒက်မြို့ရှိ အမေရိကန် ဦးဆောင်အပေါင်းပါ တပ်ဖွဲ့များအခြေစိုက်ရာ အစိမ်းရောင်ဇုန်ဒေသသို့ သွားရာလမ်းဝင်ပေါက်အနီး ကားဗုံးတစ်လုံးပေါက်ကွဲရာ လူလေးဦး တနင်္လာနေ့က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။ သေဆုံးသူများ မည်သည့်လူမျိုးများဟု မိမိတို့ အသေအချာမသိကြောင်း၊ မိမိတို့သိထားသည်မှာ လူလေးဦးတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းသာဖြစ်ကြောင်း ဗိုလ်မှူးကြီး မိုက်မာရေးက ပြောကြားသည်။

ပေါက်ကွဲမှုသည် အပေါင်းပါ တပ်ဖွဲ့ဝင် ဌာနချုပ်သို့ဝင်ရာ အဓိကကျသည့် ဝင်ပေါက်တစ်ခုမှ မီတာ ၅၀၀ ခန့်အကွာနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မာရေးက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၂၃ရက်က အီရတ်နိုင်ငံရှိ ဗြိတိသျှသံရုံးရှေ့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သမ္မတဘုရှ်ကို ထိုးနှက်ထားသော ရုပ်ရှင် ကိန်းရုပ်ရှင်ပွဲတော်တွင် ဆုရရှိ

ကိန်း (ပြင်သစ်) မေ ၂၄

ပြင်သစ်နိုင်ငံတွင် စနေနေ့က ကျင်းပသော ကိန်းရုပ်ရှင်ပွဲတော်၌ အမေရိကန်ဒါရိုက်တာ မိုက်ကယ်မော်ရီရိုက်ကူးသော “ ဖာရင်ဟိုက် ၉/၁၁” ရုပ်ရှင်ကားသည် ထိပ်တန်းရုပ်ရှင်ဆုကို ဆွတ်ခူးသွားသည်။ ထိုဇာတ်ကားသည် အမေရိကန်သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်၏ အီရတ်စစ်ပွဲနှင့်အကြမ်းဖက်မှု တိုက်ဖျက်ရေးကိစ္စကိုင်တွယ်ပုံများကို ထိုးနှက်ထားသော ရုပ်ရှင်ကားဖြစ်သည်။

ဒါရိုက်တာမော်ရီက အခြေအနေအရပ်ရပ်သည် အပြောင်းလဲကြီး ပြောင်းလဲသွားလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသွားသည်။ သမ္မတဘုရှ်ကို ထိုးနှက်ထားသော ယခု ရုပ်ရှင်ဇာတ်လမ်းသည် အမေရိကန် ရွေးကောက်ပွဲမကျင်းပမီတွင် ကိန်းပွဲတော်၌ ဆုရလိုက်ခြင်းဖြစ်သည်။ လာမည့်နိုဝင်ဘာတွင် အမေရိကန်သမ္မတရွေးကောက်ပွဲကျင်းပပြုလုပ်သွားရန်ရှိသည်။

ယခုနှစ်ကိန်းရုပ်ရှင်ပွဲတော်တွင် ထိပ်တန်းဆုသုံးဆုရရှိသွားသော အာရှရုပ်ရှင်များလည်းပါဝင်သည်။ မော်ရီ၏ရုပ်ရှင်သာ ဆုမရခဲ့လျှင် ၂၀၀၄ ခုနှစ်ရုပ်ရှင်ပွဲတော်ကို အာရှရုပ်ရှင်ကားများကသာ အင်အားကောင်းကောင်းဖြင့် လွှမ်းမိုးထားလိမ့်မည်ဖြစ်သည်။

စက်တင်ဘာလ ၁၁ ရက်၊ ၂၀၀၁ခုနှစ်တွင် အမေရိကန်နိုင်ငံကို အတိုက်ခိုက်ခံခဲ့ရသည်။ ထိုအဖြစ်အပျက် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် အမေရိကန်ပြည်သူများနှင့် သမ္မတအိမ်ဖြူတော်က လေယာဉ်အပိုင်စီးခံရမှုများအပေါ် မည်သို့သဘောထားလုပ်ဆောင်သည်များကို မော်ရီက ယင်း၏ရုပ်ရှင်တွင် ဆက်စပ်တင်ပြထားသည်။ ထို့အပြင်သမ္မတဘုရှ်မိသားစုနှင့် ထင်ရှားသော ဆော်ဒီမိသားစုများ၏ ဆက်စပ်မှုသာမက အိုစမာဘင်လာဒင်၏ အသိုင်းအဝိုင်း အခြေအနေများကိုပါမကျန် ခံစားတင်ပြထားကြောင်း သိရသည်။

“ကီးလ်ဘီလ် ” ဇာတ်ကား၊ ဂျပန်ကလေးဇာတ်လိုက်ကလေးပါဝင်သည့် “ နိုးဘော်ဒီနိုး ”၊ တရုတ်မင်းသမီးပါဝင်သော “ ကလင်း ” ဇာတ်ကားနှင့် ကိုရီးယား “ အိုးဘွိုင်” ဇာတ်ကားများမှာလည်း ဆုအသီးသီးရရှိလိုက်သော ဇာတ်ကားများဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကားဗုံးပေါက်ကွဲ

မေ ၂၂ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်တွင် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ် နိုင်ငံခြားသားများသေဆုံး

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့လယ်ဒေသတွင် တနင်္လာနေ့က မော်တော်ကားတစ်စီးကိုဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နိုင်ငံခြားသားနှစ်ဦးထက်မနည်း သေဆုံးရကြောင်း အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယင်းဖြစ်စဉ်တွင်အခြားနိုင်ငံခြားသားတစ်ဦးထက်မနည်း ပြင်းထန်စွာဒဏ်ရာရရှိသွားသည်။ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေးဦးထက်မနည်းသေဆုံးခဲ့ရသည်ဟုပေါက်ကွဲရာ ဒေသသို့ ရောက်ရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များက အစောပိုင်းတွင် ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမေရိကန်တပ်ဖွဲ့ဝင်များ ကူဖာမြို့တွင်းသို့ စီးနင်းဝင်ရောက်

ကူဖာ(အီရတ်) မေ ၂၄

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ ကူဖာမြို့လယ်အတွင်းသို့ တနင်္ဂနွေနေ့စောစောပိုင်းက ပထမဆုံးအကြိမ် ကျူးကျော်ဝင်ရောက်လာပြီး လက်နက်များ ရှာဖွေရန်အတွက် ရှီးယိုက်တို့ အထွတ်အမြတ်ထားရာ အဆောက်အအုံတစ်ခုကို စီးနင်းဝင်ရောက်ကြသည်။ ၎င်းတို့နှင့် ဖြစ်ပွားသောတိုက်ပွဲများ၌ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား သစ္စာစောင့်သိသူ ၃၂ဦး သတ်ဖြတ်ခံခဲ့ရကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဟောကြား

အမေရိကန်တင့်ကားများနှင့် တပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ ခြေကုပ်စခန်းဖြစ်သည့် ကူဖာမြို့အတွင်းသို့ ဝင်ရောက်လာကြသည်။ ဆာဒါသည် ဧပြီလစောစောပိုင်းက အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များကို ဆန့်ကျင်ခဲ့သည့် ရှီးယိုက်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အယ်လ်ဆာဒါသည် အနီးအနားရှိ နာဂျက်ဖ်မြို့တွင် ခိုအောင်းလျက်ရှိပြီး ကူဖာမြို့တွင် အမေရိကန်ဆန့်ကျင်ရေးတရားများကို ပုံမှန်ဟောကြားလျက်ရှိသည်။

ကြေညာ

အမေရိကန်တပ်ဖွဲ့ဝင်များသည် ရှီးယိုက်တို့အထွတ်အမြတ်ထားရာ အဆောက်အအုံအနီးတစ်ဝိုက်ရှိ ဆာဒါ၏နောက်လိုက် လက်နက်ကိုင်များအား တိုက်ခိုက်ခဲ့ကြသည်။ ထို့နောက် အီရတ်အကြမ်းဖက်မှု တိုက်ဖျက်ရေးတပ်ဖွဲ့ဝင်များက ယင်းအဆောက်အအုံအား ရှင်းလင်းပြီးနောက် လက်နက်များရှာဖွေရန် အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်ခဲ့ကြကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ၇၉၆ဦး သေဆုံးခဲ့ပြီ

ဝါရှင်တန် မေ ၂၆

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်ခဲ့ချိန်မှစ၍ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးရသူမှာ မေ ၂၅ ရက်အထိ ၇၉၆ ဦးရှိပြီဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် ၅၈၁ ဦးသည် တိုက်ခိုက်မှုများကြောင့်လည်းကောင်း၊ တပ်ဖွဲ့ဝင် ၂၁၅ဦးမှာမူ တိုက်ခိုက်မှုများကြောင့်မဟုတ်ဘဲ အခြားအကြောင်းများကြောင့်လည်းကောင်း သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

အီရတ်တွင် အမေရိကန်၏ အပေါင်းပါ အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များ သေဆုံးရသူမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ ပိုလန် သုံးဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်တစ်ဦးစီဖြစ်သည်။ အီရတ်တွင် တိုက်ခိုက်ရေးစစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဟု သမ္မတဘုရှ် ထုတ်ပြန်ကြေညာခဲ့ပြီးချိန်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၆၅၈ဦး သေဆုံးခဲ့ရသည်။ **အင်တာနက်။**

ကာဘာလာမြို့မှ ကန်တပ်ဖွဲ့ဝင်များ ဆုတ်ခွာ

ကာဘာလာ(အီရတ်) မေ ၂၄

အမေရိကန်တပ်ဖွဲ့ဝင်များ ကာဘာလာမြို့မှ ရုပ်သိမ်းသွားပြီးသည့်နောက် လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက် မီဒီလက်နက်ကိုင်တပ်သားများအကြား ပစ်ခတ်တိုက်ခိုက်မှုများ ပြီးစီးသွားသဖြင့် ကာဘာလာမြို့၏ အခြေအနေမှာ ခေတ္တငြိမ်းချမ်းနေရာမှ အီရတ်ပြည်သူလူထုသည် လမ်းမများပေါ်သို့ အရဲစွန့်ထွက်လာကြသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်တပ်မှူးများထံမှ တရားဝင်ဖြေကြားမှုများ တစ်လုံးတစ်ပါဒမှ ထွက်ပေါ်လာခြင်း မရှိပေ။ သို့ရာတွင် တင့်ကားများနှင့် သံချပ်ကာကားများ အပါအဝင် အမေရိကန်တပ်ဖွဲ့ဝင်များသည် သောကြာနေ့ စောစောပိုင်းမှနေ၍ ပြန်လည်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

စည်ကားစပြု

ပစ်ခတ်တိုက်ခိုက်ကြရာမှ ငြိမ်သက်မှု ရရှိပြီးခဲ့သည့်နောက် လမ်းမကြီးများပေါ်တွင် စနေနေ့က ကုန်သည်များနှင့် ဆိုင်ပိုင်ရှင်များဖြင့် ပြန်လည်စည်ကားစ ပြုလာပြီဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ကာဘာလာမှ ရုပ်သိမ်းသွားခဲ့သော်လည်း ရက်အနည်းငယ်တွင် တိုက်ခိုက်မှု ပြန်လည်ဖြစ်ပွားနိုင်ဖွယ် ရှိကြောင်း ဒေသခံများက ပြောကြားပြီး ရှီးယိုက်ဘာသာရေး ခေါင်းဆောင်ဟောင်း အယ်လ်ဆာဒါ၏သစ္စာခံလက်နက်ကိုင်တပ်သားများ မြို့လယ်တွင် ဆက်လက်ပုန်းအောင်းလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မီဒီလက်နက်ကိုင်တပ်သားများက အချိန်မရွေး တိုက်ခိုက်ရန်အဆင်သင့်ရှိနေကြောင်း ပြောကြားသည်။

တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားမည့် အချိန်ကို မိမိတို့ စောင့်ဆိုင်းလျက်ရှိကြောင်း၊ မိမိတို့ကပင် စတင်တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း လက်နက်ကိုင် ၂၅၀ အုပ်စု ခေါင်းဆောင် အဘူကာရာက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် မီဒီလက်နက်ကိုင်တပ်သားများ ဗလီနှင့် မဝေးသည့်နေရာတွင် တစ်လမ်းဝင်တစ်လမ်းထွက် တိုက်ခိုက်မှုများ မကြာမီ ရက်သတ္တပတ်များအတွင်း ပေါ်ပေါက်ခဲ့သည်။

တိုက်တွန်း

ပြည်သူများ လေးစားသည့် ရှီးယိုက်ခေါင်းဆောင် အယ်လ်စစ္စတန်နီက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင်တပ်သားများ ကာဘာလာနှင့် နာဂျက်ဖ်မြို့များမှ ဆုတ်ခွာကြရန် ယခုရက်သတ္တပတ်အတွင်း တိုက်တွန်းနှိုးဆော်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၂၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြို့လယ်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဌာနချုပ်ရှေ့တွင် အသေခံကားဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲဆင်နွှဲမှု ကိုလိုနီနယ်ချဲ့ လုပ်ရပ်သာဖြစ် ဆော်ဒီအာရေဗျ အထက်တန်းသံတမန် ဝေဖန်

ဒါဗလင် မေ ၂၅

အမေရိကန်များဦးဆောင်ကာ အီရတ်စစ်ပွဲဆင်နွှဲခဲ့ခြင်းသည် ကိုလိုနီနယ်ချဲ့သည့် လုပ်ရပ်သာဖြစ်သည့်အပြင် အချို့သော အမေရိကန်ရှိလူများသည် ယခုစစ်ပွဲကြောင့် အီရတ်တို့၏ ရေနံများကို ထင်သလို ခြယ်လှယ်ခွင့်ရမည့် အခွင့်အလမ်းပင်ဖြစ်သည်ဟု ရှုမြင်ထားကြကြောင်း ဆော်ဒီအာရေဗျနိုင်ငံမှ အထက်တန်း သံတမန်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ဆော်ဒီမင်းသား တာကီအယ်ဖိုင်ဆယ်သည် သံတမန်အဖြစ် ဗြိတိန်နိုင်ငံနှင့် အိုင်ယာလန်နိုင်ငံများသို့ သွားရောက်နေစဉ် အထက်ပါအတိုင်း အင်ဒီပင်းဒင့်သတင်းစာသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ အမေရိကန်သည် အီရတ်နိုင်ငံကို စစ်ပွဲဆင်နွှဲရသော အကြောင်းရင်းအမှန်ကို မျက်နှာဖုံးစွပ် ဖုံးကွယ်ထားခဲ့သည်ဟု ဆော်ဒီမင်းသားက ဆိုသည်။

အမေရိကန်တို့ ဆင်နွှဲသော အီရတ်စစ်ပွဲကို လေ့လာလျှင် ထိုစစ်ပွဲသည် မည်သည့်အကြောင်းပြချက်နှင့်ပင် ဆင်နွှဲခဲ့သည်ဖြစ်ပါစေ အတိတ်က ကိုလိုနီနယ်ချဲ့ခဲ့သည်နှင့် သဏ္ဌာန်အတူတူပင်ဖြစ်ကြောင်း တွေ့ရလိမ့်မည်ဟု ဆော်ဒီမင်းသားက ပြောကြားသည်။ ယခုစစ်ပွဲကို ဆင်နွှဲရသည့် အကြောင်းကို အမေရိကန်များ၏ အပြောအတိုင်းဆိုရလျှင် ဆက်ဒမ်လက်ဝယ်တွင် ရှိနေသည်ဟု စွပ်စွဲထားသည့် လူအမြောက်အမြားကို သေစေသော ဖျက်အားပြင်းလက်နက်များကို ဖယ်ရှားရန်ဖြစ်သည်ဟုဆိုကြောင်း တွေ့ရလိမ့်မည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်၏ အရေးပါသော မဟာမိတ်နိုင်ငံဖြစ်သည်။ ထို့အပြင် ၁၉၉၀ပြည့်နှစ်များဆီကစ၍ ကူဝိတ်နိုင်ငံကို အီရတ်က သိမ်းပိုက်သည့် စစ်ပွဲမှစတင်၍ ဆော်ဒီနှင့် အီရတ်နိုင်ငံများမှာ ဆက်ဆံရေး အဆင်မပြေခဲ့ကြပေ။ သို့ရာတွင် အမေရိကန်တို့က ယခုအီရတ်စစ်ပွဲကို ဆင်နွှဲသောကိစ္စကို ဆော်ဒီအာရေဗျနိုင်ငံက ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ လွန်ခဲ့သော တစ်နှစ်ကျော်ကာလများဆီက အမေရိကန် သတင်းသမားအသိုင်းအဝိုင်းနှင့် အမေရိကန်ကွန်ဂရက်အမတ် အဝန်းအဝိုင်းမှရသော သတင်းအချို့ကို ပြန်၍စဉ်းစားကြည့်နိုင်သည်။ ထိုအခါ အမေရိကန်များသည် အီရတ်ရေနံသိုက်များအကြောင်း ပြောကြားကြရာ၌ အီရတ်စစ်ပွဲသည် ထိုရေနံများ ရလာမည်ဖြစ်၍ သူ့စရိတ်နှင့်သူ ကျေသွားနိုင်သော စစ်ပွဲဖြစ်ကြောင်း ပြောဆိုသံများကို အမှတ်ရနိုင်ပေသည်ဟု ဆော်ဒီမင်းသားက ပြောကြားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့လယ် ဗုံးပေါက်ကွဲ ဗြိတိသျှအရပ်သား နှစ်ဦးသေဆုံး

လန်ဒန် မေ ၂၅

ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါအဖွဲ့ဌာနချုပ်အနီး တနင်္လာနေ့က ကားဗုံးခွဲမှုတွင် ဗြိတိသျှအရပ်သားနှစ်ဦး သေဆုံးကြောင်း ဗြိတိန်နိုင်ငံခြားရေးရုံးက တနင်္လာနေ့တွင် အတည်ပြုကြေညာသည်။

ဘဂ္ဂဒက်မြို့ ဗုံးကွဲရာတွင် ဗြိတိသျှအရပ်သားနှစ်ဦး သေဆုံးသွားကြောင်း မိမိတို့ အတည်ပြုနိုင်သည်ဟု နိုင်ငံခြားရေးရုံး ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောဆိုသော်လည်း အသေးစိတ်ကိုမူ ဖော်ပြခြင်းမပြုပေ။

ဒဏ်ရာရ

သေဆုံးသူ ဗြိတိသျှနိုင်ငံသားနှစ်ဦးမှာ စစ်ဘက်က မဟုတ်ပေ။ အခြားသော ဗြိတိသျှအရပ်သားတစ်ဦးလည်း ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသွားသည်ဟု ဆိုသည်။

အံ့အားသင့်

ဘဂ္ဂဒက်မြို့တွင် ဗြိတိသျှအရပ်သား နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရသွားသည်ဆိုသည့် သတင်းများကြောင့် မိမိ များစွာအံ့အားသင့်ပြီး စိတ်မကောင်းဖြစ်ရကြောင်းဖြင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ပြောကြားလိုက်သည်။

မတ်လဆန်းနောက်ပိုင်း အီရတ်၌ သေဆုံးသည့် ဗြိတိသျှအရပ်သားငါးဦး ရှိသွားပြီဟု သိရသည်။ ***အမ်အင်အေ၊ဆင်ပွာ။***

အီရတ်မင်္ဂလာဆောင်ကို ကန်တပ်ဖွဲ့က ပစ်ခတ်ပုံ အာရပ် ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသ

ဒူဘိုင်း မေ ၂၅

ပြီးခဲ့သော သီတင်းပတ်အတွင်းက အမေရိကန်တို့သည် အီရတ်နိုင်ငံ တစ်နေရာတွင် နိုင်ငံခြားသားတပ်ဖွဲ့များ စုရုံးရာနေရာဟုဆိုကာ လေကြောင်းမှ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ တိုက်ခိုက်ခံရသော နေရာသည် မင်္ဂလာဆောင် အခမ်းအနားတစ်ခု ဖြစ်နေသည်ဟုဆိုသည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်သော အခြေအနေများကို ရိုက်ကူးထားသည့် ဗီဒီယိုတိပ်ခွေကို တနင်္လာနေ့တွင် အာရပ်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသသွားသည်။

ထိုဗီဒီယိုပြကွက်မှာ အေပီသတင်းဌာနက ပြသသော သတင်းပြကွက်များဖြစ်ပြီး အာရပ်ရုပ်မြင်သံကြားဌာနများဖြစ်သည့် အယ်ဂျာဇီယားနှင့် အယ်လ်အာရေဗျ ရုပ်မြင်သံကြားဌာနများက ထပ်ဆင့်ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ ပြကွက်များတွင် အဖြူရောင် မင်္ဂလာဆောင်အဝတ်အစား ဝင်ဆင်ထားသော သတို့သမီးကို လှလှပပပြင်ဆင်ထားသော ကားဆီသို့ ခေါ်ဆောင်သွားသော ပြကွက်များလည်း ပါရှိသည်။

အခင်းဖြစ်ပွားသော နေရာမှာ အနောက်ဘက် သဲကန္တာရဒေသတွင် တည်ရှိပြီး ဆီးရီးယားနယ်စပ်နှင့် နီးစပ်သော နေရာတွင်ဖြစ်သည်။ သဲပြင်အတွင်း၌ ထိုးထားသော တဲအများအပြားတွင် အီရတ်အမျိုးသားများသည် ကခုန်သီဆို၍ အခမ်းအနားကျင်းပနေသော ပုံများလည်း ဗီဒီယိုပြကွက်များ၌ ပါရှိသည်ဟုဆိုသည်။

နောက်ဆက်လက်ပြသသောပြကွက်များတွင် ပြိုပျက်နေသော အဆောက်အအုံနှင့် ရွက်ဖျင်တဲများ၊ သေကျေနေသော အီရတ်အလောင်းများကို တွေ့ကြရသည်။ ထိုပျက်စီးသေကျေမှုများသည် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်ရသည့် မြင်ကွင်းများဟု ယူဆရသည်ဟုဆိုသည်။

ရုပ်သံပြကွက်တွင် အနည်းဆုံး အလောင်းသုံးလောင်းကို တွေ့ကြရသည်။ အော်ဂင်တူရိယာ တီးခတ်နေသူမှာ ကခုန်စဉ်က ဝတ်ဆင်ထားသော အဝတ်အစားကိုပင် ဝတ်ဆင်ထားပြီး အခြားတစ်ဦးမှာလည်း ပန်းနုရောင်အဝတ်အစား ဝတ်ဆင်ထားသည်ကို တွေ့ကြရသည်။ အဆိုပါ တိုက်ခိုက်မှုတွင် အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် လူ ၄၀ ဦးမျှ သေဆုံးခဲ့ရသည်။ ၎င်းဖြစ်ရပ်မှာ အီရတ်များက ပြောသကဲ့သို့ မင်္ဂလာဆောင် အခမ်းအနားတစ်ခု မဟုတ်ပါဟု အမေရိကန်ဗိုလ်မှူးချုပ် မတ်ကင်းမစ်က စနေနေ့တွင် ငြင်းဆိုခဲ့သည်။ ၎င်းက အခင်းဖြစ်ပွားသော နေရာတွင် ဥပဒေနှင့် မကင်းသော လုပ်ရပ်များဖြစ်ပွားနေသည့် အထောက်အထားအခိုင်အမာ တွေ့ခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ မိုဂရယ်ဒီးဒေသတွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်ခြင်း မခံရမီ မင်္ဂလာဆောင် အခမ်းအနား၌ ပျော်ပျော်ရွှင်ရွှင်ရှိနေခဲ့ကြပုံကို အာရပ် ရုပ်မြင်သံကြားဌာနက မေ ၂၄ ရက်တွင် ထုတ်လွှင့်ပြသစဉ်။ *(အင်တာနက်)*

မေ ၂၃ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးမှ မိသားစုဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံအင်တာနက်)



မေ ၂၃ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် တိုက်ပွဲဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့က ပစ်ခတ်သော စိန်ပြောင်းကျည် ထိမှန်ခံရမှုကြောင့် ပျက်စီးနေသော ဈေးဆိုင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့က ပစ်ခတ်လိုက်သော ဒုံးကျည်ထိမှန်ခံရသည့် အီရတ်ကလေးငယ်တစ်ဦး ရာမာဒီမြို့ရှိ ဆေးရုံတွင် မေ ၂၃ရက်က ဆေးဝါးကုသမှု ခံယူနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် အဆောက်အအုံတစ်လုံး ပျက်စီးနေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် စိန်ပြောင်းကျည် ထိမှန်ခံရသော နေအိမ်တစ်လုံးအတွင်း သေဆုံးခဲ့ရသည့် ဆွေမျိုးများအတွက် ပူဆွေးသောကရောက်နေသည့် အီရတ်တစ်ဦးကို မေ ၁၆ ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံအင်တာနက်)

ဆီးရီးယားနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသရှိ ကျေးရွာတစ်ရွာတွင် အမေရိကန် စစ်ရဟတ်ယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့သော အီရတ်အမျိုးသမီးတစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အနောက်ဘက် မိုဂရယ်ဒီးဒေသတွင် အမေရိကန်တပ်ဖွဲ့၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် ပျက်စီးနေသော နေအိမ်တစ်လုံးကို မေ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံအင်တာနက်)

ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင် မိုးလဲချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် ၃၂၅ပေရှည် မိုးလဲတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျောက်ပန်းတောင်းမြို့နယ် ရုံးကျေးရွာ၌ စက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေကို ကျေးလက်ပြည်သူများ လာရောက်ယူငင်နေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

မန္တလေးတိုင်း သာစည်မြို့နယ် ရွာကြီးကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် ကျေးလက်အိမ်ရာ အသစ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ပေးနေစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

နယ်စပ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် နိုင်ငံတော်က ဖောက်လုပ် ပေးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် မြို့ပတ် လမ်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီေ

မေ ၂၅ရက်က ပင်လုံမြို့ သိနီ ကုန်းတော်၌ တည်ထ ကွယ်မည့် မဟာရဋ္ဌာဘိသ စေတီတော်ကြီး၏ ပုံစံ ဖူးတွေ့ရစဉ်။ (သတ

ရှမ်းပြည်နယ် ပင်လုံမြို့ သိနီကုန်းတော်၌ တည်ထ ကွယ်မည့် မဟာရဋ္ဌာဘိ စေတီတော် တည်ဆောင လုပ်ငန်းများပြီးစီးမှုကို တွေ့ (သတင်

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် ရည်မှန်းတည်ထားခြင်းဖြစ်ရာ စေတီတော်ကြီး တင့်တယ်သပ္ပာယ်ရေးနှင့် တည်တံ့ခိုင်မြဲရေး အခေ

☆ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ရန်ကုန်နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာနတွဲဖက်ပါမောက္ခ ဦးစန်းကြူက မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးအတွက် တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပုံစံ ထုတ်လုပ်မှု၊ အလယ်မဏ္ဍိုင်မပါဘဲ အမိုးခုံးပုံစံဖြင့် တည်ဆောက်မည်ဖြစ်သဖြင့် စေတီတော်ကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲစေရန် ခေတ်မီနည်းပညာများ၊ ခေတ်မီတည်ဆောက်ရေး နည်းစနစ်များအသုံးပြု တည်ဆောက်နေမှုကို ပုံစံကားချပ်များဖြင့်ရှင်းလင်းတင်ပြသည်။

ထို့နောက်အေးရှားဝေါ(လ်)ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်က စေတီတော်ကြီး၏ ရင်ပြင်တော်၊ မဟာရံတံတိုင်း၊သရက်ကင်းလှေကား၊ ပန်းတင်ခုံ လိုဏ်ခုံးအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာမှု ပညာရှင် ဦးအုန်းတင်က စေတီတော်ကြီး၌ ဆောင်ရွက်မည့် မြန်မာမှုလုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သူရအောင်ကိုကစေတီတော်ကြီးတွင်တင်လှူပူဇော်မည့် ပိန္နဲတိုင်၊ ပန်းလယ်တိုင်၊ ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ ပြုလုပ်ရန် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က စေတီတော်ကြီး၏ ပရိဝုဏ် သာယာလှပရေး၊ စေတီတော်ကြီး၏ ဝင်လမ်း၊ထွက်လမ်းများ ဖောက်လုပ်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော မဏ္ဍိုင်မပါ အမိုးခုံးလိုဏ်ခံလျက် တည်ထားမည့် ထူးခြားသောပုံသဏ္ဌာန်ရှိသည့်စေတီတော်ကြီးဖြစ်သဖြင့် အရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီတည်ဆောက်ရေးစနစ်များကို အသုံးပြုတည်ထားလျက်ရှိကြောင်း။

ထို့အပြင် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးရည်မှန်းလျက် တည်ထားကိုးကွယ်ခြင်းဖြစ်ရာ စေတီတော်ကြီး တင့်တယ် သပ္ပာယ်ရေးနှင့် တည်တံ့ခိုင်ခံ့ရေးအတွက် ဘက်စုံထောင့်စုံမှ ဟာကွက်မရှိစေရန် အလေးထား ဆောင်ရွက်သွားကြရန်ပြောကြားသည်။

ပုံစံငယ်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ကြီး၏ပုံစံငယ်ကိုကြည့်ရှုသည်။

ယင်းနောက်ရှမ်းပြည်နယ်လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်နိုင်ရေးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဝိကာသိနီကုန်းတော် မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကြည်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲအခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်ကြီးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်သိန်း၁၀၀၀ကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်အား ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်က ငွေကျပ်သိန်း ၂၀၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀၊ အထူးဒေသ (၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထီ၊ ဇနီး ဒေါ်နန်းဖြူ မိသားစုနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း၊ ဇနီး ဒေါ်နန်းအေးအေးမြင့် မိသားစုက ငွေကျပ် သိန်း ၄၅၀၊ ဦးသိန်းဝင်း–ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)သားသမီး မြေးတစ်စုက ငွေကျပ် ၁၃၅သိန်း၊ ယူနိုက်တက်ကော်မာရှယ်အုပ်စုကုမ္ပဏီက ငွေကျပ် ၁၃၅သိန်း၊ ဦးထွန်းမြင့်နိုင်(အုပ်ချုပ်မှုဒါရိုက်တာ)အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ ပြည်ထဲရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ သစ်တောရေးရာဝန်ကြီးဌာနက ငွေကျပ် ၁၀သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ငွေကျပ်ခုနစ်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ သာသနာရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ပညာရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ အမှတ်(၂) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်က ငွေကျပ်သုံးသိန်း၊ နောင်တံဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ မိခင်ကြီး ဒေါ်ခင်နွဲ့ရီအား အမှူးထား၍ ဒေါက်တာ တင့်စိုးလင်း (ရွှေပုစွန်) မိသားစုက ငွေကျပ် သိန်း ၂၀၊ ပြည်နယ် ပြည်တွင်း အခွန်များဦးစီးဌာနက ငွေကျပ်၁၀သိန်း၊ပြည်နယ်အကောက်ခွန်ဦးစီးဌာနက ငွေကျပ် ငါးသိန်း၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ်နှစ်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်ညွန့် (Golden Moon)ဆောက်လုပ်ရေးကုမ္ပဏီ တောင်ကြီးက ငွေကျပ်ငါးသိန်း၊ တောင်ကြီးမြို့ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ်ငါးသိန်း၊ ဦးအေးကျော်(AKရောင်းဝယ်ရေး)တောင်ကြီးက ငွေကျပ်သုံးသိန်း၊ခွန်ရာဇာမိသားစုက ငွေကျပ်သုံးသိန်း၊ ဦးဌေးကြွယ် (ရတနာထွန်း ဆောက်လုပ်ရေးကုမ္ပဏီ) တောင်ကြီးက ငွေကျပ်နှစ်သိန်း၊ ဦးထွန်းလွင် (တောင်ကြီးဟိုတယ်)က ငွေကျပ်နှစ်သိန်း၊ ဦးသန်းညွန့် (အမ္ဗာညီအစ်မပို့ဆောင်ရေး) တောင်ကြီးက ငွေကျပ် နှစ်သိန်း၊ ဦးအေးဆွေ(ပြည်ချမ်းအောင် ဆောက်လုပ်ရေးကုမ္ပဏီ) တောင်ကြီးက ငွေကျပ်နှစ်သိန်း၊ ရွှေကျားပျံမိသားစု တောင်ကြီးက ငွေကျပ်နှစ်သိန်း၊ ရှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးပြုံးချို–ဒေါ်စပယ်မိသားစု ရပ်ကွက် (၁) ပင်လုံက ငွေကျပ်တစ်သိန်း၊ ဦးဖိုးစိန်–ဒေါ်နန်းနွတ် ရပ်ကွက်(၃) ပင်လုံက ငွေကျပ်တစ်သိန်း၊ အများပြည်သူလှူဒါန်းငွေ ကျပ်သုံးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၂၀၁၈သိန်းကိုပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိ ခင်မောင်မြင့်နှင့် သာသနာရေ ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူး အောင်ကိုတို့က လက်ခံကြ

ယင်းနောက် အလှူငွေ လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆု ၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော် ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ၂၅ရက်က ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ ကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်အား ပေးအပ်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ပင်လုံမြို့ တက္ကသိုလ် အဆောက်အ တွေ့ရစဉ်။ (သတ

မဟာရဇ္ဇာဘိသာမင်္ဂလာစေတီတော်ကြီး

မေ ၂၅ရက်က ပင်လုံမြို့ ဝိကာသိနီ ကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဇ္ဇာဘိသာ မင်္ဂလာစေတီတော်ကြီး၏ ပုံစံငယ်ကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဇ္ဇာဘိသာမင်္ဂလာစေတီတော် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



အလှမွေးငါးနမူနာများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ခန်းမဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပင်လုံတက္ကသိုလ်၏ နောက်ခံသမိုင်း၊သင်ကြားပို့ချလျက်ရှိသော အထူးပြု ဘာသာရပ်များ၊ ကွန်ပျူတာ ၁၁၄လုံးဖြင့် သင်ကြားနေသော (IT)စာသင်ခန်းများ၊ ကျောင်းသားအင်အား၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး အင်အား၊ တည်ဆောက်ရေးလုပ်ငန်းများအပါအဝင် သင်ကြားစီမံ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်ကြားစီမံကိစ္စရပ်များနှင့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ သက်သာချောင်ချိရေး ကိစ္စရပ်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လဲချားမြို့ မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းကပ်လှူ ပူဇော်ကြသည်။

ပူဇော်ကန်တော့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လဲချားမြို့ မွေတော် ခမ်းနမ့်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လဲချားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာနိုးအောင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ အခြေချနေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၊အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသတွင်းဖြစ်ထွန်းသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၅ရက်က ပင်လုံမြို့၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရည်ညွှန်းသော ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ် ကျောက်တိုင်ရှေ့တွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်မေ၂၅ရက်က လွိုင်လင်ခရိုင် လဲချားမြို့ မွေတော်ခမ်းနမ့်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိအမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မကွဲသိုက်မပျက် ထာဝရခိုင်မြဲရေး ခိုင်မြဲရေး အလေးထားဆောင်ရွက်

ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က လက်ခံကြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲ လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်

ရှမ်းပြည်နယ် ပင်လုံမြို့ ပင်လုံတက္ကသိုလ် အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

များသည် စေတီတော် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ပြီး ခေတ်မီနည်းစနစ်၊ ခေတ်မီနည်းပညာများဖြင့်စေတီတော်ကြီးတည်ဆောက်နေမှုများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံ ပြသရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံမြို့၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရည်ညွှန်းသော ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ် ကျောက်တိုင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ကျောက်တိုင်ရှေ့၌ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စာချုပ်ကျောက်တိုင် အရှည်တည်တံ့ရန် ထိန်းသိမ်းစီမံဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ပင်လုံတက္ကသိုလ်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံတက္ကသိုလ်သို့ ရောက်ရှိကြရာ ခေတ္တပါမောက္ခချုပ် ဦးအယဲလ်ဘွေကော၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သရုပ်ပြ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဦးဝင်းမြင့်ဆန်းက တောင်ကြီးတက္ကသိုလ်က ဆောင်ရွက်နေသော ရှားပါးရေပုတ်သင်မျိုးမတုံးစေရန် ထိန်းသိမ်းရေးနှင့် ရေပုတ်သင်မွေးမြူရေးသုတေသနပြုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေပုတ်သင် မွေးမြူထားမှု၊ ရှမ်းပြည်နယ် တောင်ပိုင်းအတွင်းရှိ မွေးမြူရေးငါးများ၊ အင်းလေးဒေသ တိုင်းရင်းသား ငါးများနှင့် ဒေသမှ

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များမေ၂၅ရက်ကလဲချားမြို့ပြည်သူ့ဆေးရုံကြီးအတွင်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လဲချားမြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် လဲချားမြို့သို့ရောက်ရှိကြရာ လဲချားတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လဲချားမြို့ သီရိဟံသာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၅ ရက်က လဲချားမြို့ သီရိဟံသာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေး ပြည်သူများ စီးပွားရေး လူမှုရေးဘဝ မြင့်မားရေးအတွက် စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားကြရေး ပံ့ပိုးအားပေးဆောင်ရွက်

✧ စာမျက်နှာ ၉ မှ

အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထား ဆောင်ရွက်နေသော နိုင်ငံဖြစ်ကြောင်း၊ ဒေသအသီးသီး အနေဖြင့် မိမိတို့ဒေသတွင်း ဒေသဝမ်းစာဖူလုံရုံမျှဖြင့် ကျေနပ်တင်းတိမ် မနေဘဲ

ထိုကဲ့သို့ ကျေးလက်နေပြည်သူများနှင့် မပြတ်ထိတွေ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပီပြင်စွာအကောင်အထည်ပေါ်လာစေရအောင် ဦးဆောင်စည်းရုံး ဆောင်ရွက်ပေးနိုင်သည်နှင့် အမျှ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို ရရှိပြီး မိမိတို့လုပ်ငန်း တာဝန်တို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ဒေါက်တာငွေရည်ခိုင် နှင့်တာဝန်ရှိသူတို့က လိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအား ၂၅ခုတင်ဆံ့ ဆေးရုံ၏ အင်္ဂါရပ်များနှင့်အညီ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် လွိုင်လင်ခရိုင် မိုင်းနောင်မြို့သို့ ရောက်ရှိကြရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီး ဝမ်းစာဖူလုံမှု၊ ဒေသဆိုဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပညာရေး၊ ကျန်းမာရေး၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာ တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းအဝဝကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရအောင် လုပ်ငန်းကဏ္ဍအလိုက် ဌာနဆိုင်ရာ အသီးသီးကို နိုင်ငံတော်အစိုးရကခန့်ထားတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

သို့ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးကလည်း မိမိတို့ဌာနအလိုက် ရည်မှန်းချက်တာဝန်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးနှင့် နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ မိမိတို့တာဝန်ကျရာဒေသ ဖွံ့ဖြိုး တိုးတက်လာစေရေးတို့အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုင်းနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။ ထို့နောက် အထက်တန်းကျောင်း တိုးချဲ့ဆောင် ဆောက်လုပ်ရန် မြေနေရာကို ကြည့်ရှုပြီး တိုးချဲ့စာသင်ဆောင်ဆောက်လုပ်ရေး စီမံဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မေ ၂၅ရက်က နမ့်စန်မြို့ ဧည့်ရိပ်သာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရွှေညောင်–နမ့်စန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်မြင့်မားရေးတို့အတွက် စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားကြရေး ပံ့ပိုးအားပေး ဆောင်ရွက်ကြရန် လိုကြောင်း၊အထူးသဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက မိမိရပ်ရွာ၊ မိမိမြို့နယ် ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းရေးတို့အတွက် စေတနာနှင့် ဝီရိယအား ပေါင်းစပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မျက်ခြည်မပြတ်ကြည့်ရှု

မိမိမြို့နယ်အတွင်းရှိ ပြည်သူများ၏ သက်သာချောင်ချိရေး၊ စီးပွားရေး အထောက်အကူပြုရေး၊ လူနေမှုဘဝ မြင့်မားရေးတို့အတွက် မျက်ခြည်မပြတ်ကြည့်ရှုတွေးတောကြံဆ ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။ များလည်း အောင်မြင်ဖြစ်ထွန်းမှာ ဖြစ်ကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ အချင်းချင်း၊ ဌာနအချင်းချင်းအမြဲမပြတ် ညှိနှိုင်းတိုင်ပင်လျက် ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအား၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအား၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားတို့ကို ပေါင်းစပ်ပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်သူ့ဆေးရုံ

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည်လဲချားမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဓာတ်မှန်ခန်း၊ လူနာခန်းနှင့် ခွဲစိတ်ခန်း ဟန်မြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုင်းနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က မိုင်းနောင်မြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြေယာအသုံးချမှု၊ အဓိက သီးနှံ ၁၀မျိုး စိုက်ပျိုး ထုတ်လုပ်မှု၊ ဒေသဖြစ်ထွန်း သီးနှံများစိုက်ပျိုးထုတ်လုပ်မှု၊ ဒေသ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၅ရက်က မိုင်းနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀မှ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နမ့်စန်မြို့သို့ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက ကြိုဆိုကြသည်၊

ထို့နောက် နမ့်စန်မြို့ ဧည့်ရိပ်သာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရွှေညောင်-နမ့်စန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင်ရွှေညောင်-ဆိုက်ခေါင်လမ်းပိုင်းနှင့် မိုးနဲ-နမ့်စန်လမ်းအပိုင်း ဖောက်လုပ်ပြီးစီးနေမှု၊ ကျန်ရှိသောလမ်းပိုင်းကို ဆိုက်ခေါင်-ပွန်ချောင်း၊ ပွန်ချောင်းတံတား၊ ပွန်ချောင်း-နမ့်စန်အပိုင်း သုံးပိုင်းခွဲကာ ဖောက်လုပ်နေမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မြေကြီးလုပ်ငန်း၊ တာပေါင်လုပ်ငန်း၊ ကျောက်စခြင်းလုပ်ငန်း၊ ဇလီဖားစုဆောင်းခြင်းလုပ်ငန်း၊ သံလမ်းစုဆောင်းခြင်းနှင့် သံလမ်းခင်းခြင်းလုပ်ငန်း၊ တံတားလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေ၊ ရထားလမ်းဖောက်လုပ်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို နည်းလမ်းရှာဖွေ ပေါင်းစပ်ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဆိုက်ခေါင်-နမ့်စန် ရထားလမ်း ဖောက်လုပ်ရာတွင် မြန်မာ့မီးရထားမှ ရထားလမ်း တာပေါင်ဖို့ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တံတားတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ လွိုင်လင်တပ်နယ်မှ တပ်မတော်သားများက ကျောက်ထုခြင်း၊ ဇလီဖားတုံးခင်းခြင်း၊ သံလမ်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်းရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သတ်မှတ်ချိန်အတိုင်း ပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှူး ဦးဝေဖြိုးက လယ်မြေဧက ၁၅၀၀ကို အကျိုးပြုမည့် နမ့်စန်မြို့နယ် ဝမ်ပုံရေလှောင်တမံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်မေ ၂၅ ရက်က နမ့်စန်မြို့ ဧည့်ရိပ်သာ၌ လယ်မြေဧက ၁၅၀၀ကို အကျိုးပြုမည့် နမ့်စန်မြို့နယ် ဝမ်ပုံရေလှောင်တမံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျောင်းပရေးကော်မရှင်နှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးခန်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့၊တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့မှ သဘာပတိအဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ စုံညီအစည်းအဝေးနှင့် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကိစ္စနှင့် အခြားလုံခြုံရေးကိစ္စ၊ အုပ်ချုပ်မှုကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကာ နံနက် ၁၁နာရီခွဲတွင် အစည်းအဝေးပြီးဆုံးသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့်အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးနှင့်အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကိစ္စနှင့် အခြားလုံခြုံရေးကိစ္စ၊ အုပ်ချုပ်မှုကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

(၁၈၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဇွန် ၁ရက်တွင်ကျင်းပမည်

ရန်ကုန် မေ ၂၆

(၁၈၅)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ဇွန်၁ရက် နံနက် ၉နာရီတွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀တန်ထီ (၁၈၅)ကြိမ်မြောက်တွင် အက္ခရာ ၃၅လုံး ထီစာအုပ် ၂၈၆၃၅၃၀အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေ ရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း၃၀၀ တစ်ဆု၊ ငွေကျပ် သိန်း၅၀ ၂၈ဆု၊ ငွေကျပ် ၂၅သိန်း ကိုးဆု၊ ငွေကျပ်ခြောက်သိန်း ၆၄၆ဆု၊ ငွေကျပ် ငါးသိန်း နှစ်ဆု၊ ငွေကျပ်လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ဆု၊ ငွေကျပ် ရှစ်သောင်း ၂၁ဆု၊ ငွေကျပ် ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်း ၄၁ဆု၊ ငွေကျပ်နှစ်သောင်း ၃၂၁ဆု၊ ငွေကျပ် တစ်သောင်းဆု ၁၇၁၀၀ဆု စုစုပေါင်း ၂၀၀၆၉ဆုဖြစ်သည်။

ယခု (၁၈၅)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇွန် ၇ရက်မှစ၍ လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီလမ်း အမှတ်-၃၃နေ ဗိုလ်မှူးကြီးဝင်း(ငြိမ်း)-ဒေါ်စန်းမြင့် သားသမီးမြေးတစ်စုတို့ကဗိုလ်မှူးကြီးဝင်း(ငြိမ်း)၊ မြေး Benjamin Thintတို့၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းသို့ မေ၂၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသား ဆင် ကာကွယ်ထိန်းသိမ်းရေး စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၆

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် Smithsonian Institution တို့ပူးပေါင်း၍ တောဆင်ရိုင်းအန္တရာယ်ကာကွယ်ရေးနှင့်တောဆင်ရိုင်း ကာကွယ်ထိန်းသိမ်းရေးအတွက် အမျိုးသားဆင် ကာကွယ်ထိန်းသိမ်းရေး စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး တော်ဝင်ခန်းမ၌ မေ ၂၄ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာများနှင့် မန်နေဂျာများ၊ Smithsonian Institutionမှ သိပ္ပံပညာရှင်များ၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခနှင့် ကထိကများ၊ ပုဂ္ဂလိကဆင်ပိုင်ရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် Smithsonian Institution မှအကြီးတန်း သိပ္ပံပညာရှင် Dr. Chris Wemmer တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တောဆင်ရိုင်းအန္တရာယ် ကာကွယ်ရေးနှင့် တောဆင်ရိုင်း ကာကွယ် ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် စာတမ်းငါးစောင်ကို ဖတ်ကြားဆွေးနွေးကြသည်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

စက်မှုလက်မှုကဏ္ဍကို လည်းကောင်း၊ မန္တလေးတိုင်းမှ ဦးအောင်မွန် ခေါင်းဆောင်သောအဖွဲ့ငယ်(၅)ကလူမှုရေးကဏ္ဍ၊စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကို လည်းကောင်း အသီးသီးအကြံပြုစာတမ်းများ ပြုစုရေးသားကြသည်။

ယင်းကဲ့သို့ အကြံပြုစာတမ်းများ ပြုစုရေးသားရာတွင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၈နာရီ ၅၅မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင်၊ပညာရှင် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပါမောက္ခဌာနမှူးနှင့်ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွန့်(ညွန့်ဝေ–ကသာ)နှင့်ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈) ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်ကြသည်။

စာတမ်းပြုစု

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ အဖွဲ့ငယ်လိုက် အကြံပြုစာတမ်းများ ရေးသားပြုစုကြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များ ဖြစ်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင်၊ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ယင်းညှိနှိုင်းအစည်းအဝေးတွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တင်ပြကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍများအလိုက် အကြံပြုစာတမ်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။
(သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၅၃ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ဒသမ၆၄ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပါမောက္ခဌာနမှူးနှင့်ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွန့်(ညွန့်ဝေ– ကသာ)က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုရေးဆိုင်ရာ ကဏ္ဍနှင့်ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်(ငြိမ်း)နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)တို့က အကြံပြုစာတမ်းများကို အသီးသီးတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို မေ ၂၇ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၉ဦး အနက် ၁၀၈ဦးတက်ရောက်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ၀၈ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍဆိုင်ရာ လေ့လာရေးစာတမ်းပြုစုရေးအဖွဲ့ငယ်၊ လူမှုရေးကဏ္ဍဆိုင်ရာ လေ့လာရေးစာတမ်းပြုစုရေးအဖွဲ့ငယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လေ့လာရေးစာတမ်းပြုစုရေး အဖွဲ့ငယ်တို့က မိမိတို့ အကြံပြုစာတမ်းများကို သဘာပတိထံ ပေးအပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ စာတမ်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်မျိုးမြင့်ကလည်းကောင်း၊ စက်မှု လက်မှု ကဏ္ဍဆိုင်ရာစာတမ်းကို အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဦးကျော်မြင့်က လည်းကောင်း၊ တရားစီရင်ရေးကဏ္ဍဆိုင်ရာ စာတမ်းကို တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းက လည်းကောင်းအသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များက စာတမ်းများအပေါ် အကြံပြုဆွေးနွေးကြပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၉နာရီ ၅၇မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ၂နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် သာသနာရေး ဝန်ကြီးဌာနမှ ဦးအံ့မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်များက စာတမ်းပြုစုရေးအဖွဲ့များ၏ တင်ပြသော စာတမ်းများကို ဖတ်ကြားလေ့လာဆွေးနွေးညှိနှိုင်းကြပြီး ညှိနှိုင်းအစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

အခြား ဖိတ်ကြားသင့်သည် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ကချင် ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့ တက်ရောက်ကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များအား အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကား ပြသဖျော်ဖြေ

ရန်ကုန် မေ ၂၆

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားရုံအတွင်း၌ နေ့စဉ်ည ၇နာရီမှစတင်ပြီး ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

နှလုံးလှလှမိုက်

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေရေး အစီအစဉ်အဖြစ် ယမန်နေ့ညတွင် ဒါရိုက်တာ မောင်တင်ဦးရိုက်ကူးပြီး သရုပ်ဆောင် နေအောင်၊ မင်းမော်ကွန်း၊ ညီနန္ဒ၊ မြတ်ကေသီအောင်၊ ခိုင်သင်းကြည်၊ မေသဥ္ဇာဦး၊ မြင့်မြင့်ခင်တို့ ပါဝင်သရုပ်ဆောင်ကြပြီး ၂၀၀၁ခုနှစ် အကယ်ဒမီဆုရ ဇာတ်ကားဖြစ်သော "နှလုံးလှလှမိုက်"ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ခဲ့ရာ ညီလာခံ ကိုယ်စားလှယ်များ ကြည့်ရှုအားပေးကြသည်။
(သတင်းစဉ်)

ဝိရိယလေးထပ်ကျောင်းဆောင် ရေစက်ချအလှူတော် မင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ် ဆရာစံရပ်ကွက် ဗဟန်းမြို့နယ်အတွင်းရှိ မိုးကုတ်ဝိပဿနာဇနိတာရာမ ကျောင်းတိုက်အတွင်း၌ ဝိရိယ လေးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ပြီးစီးသွားပါ၍ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေစက်ချ တရားတော်နာယူကြရန် နိုးဆော်ထားသည်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီးမြို့ အေးသာယာမြို့သစ်စက်မှုဇုန်၌ သံရည်ကျိုစက်ရုံ တည်ဆောက်ရေး အတည်ပြုသတ်မှတ်ပေး

ရန်ကုန် မေ ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အေးသာယာမြို့သစ်စက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်အစည်းအဝေးခန်းမ၌ အေးသာယာစက်မှုဇုန် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဝန်ကြီးက ၂၀၀၄-၂၀၀၅ ခုနှစ်ကို နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အေးသာယာစက်မှုဇုန်တွင် စက်မှုလုပ်ငန်းများအတွက် အခြေခံအဖြစ် ဆောင်ရွက်ရမည့် သံရည်ကျိုစက်၊ ပုံဖိစက်၊ ပုံထောင်းစက်၊ ခုတ်စားစက်များကို နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုနည်းပညာရှင်များအား စုစည်းလေ့ကျင့်ပြီး ဒေသခံစက်မှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက ဒေသအတွင်း စက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အတွက် စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းရာတွင် တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်ပေးခြင်းပင်ဖြစ်ကြောင်းနှင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အနီးကပ်ကြီးကြပ်သည့် အဖွဲ့များ၊ ကော်မတီများ၊ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အေးသာယာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က သံရည်ကျိုစက်ရုံ တည်ထောင်ရန် စီးပွားရေးလုပ်ငန်းရှင်များ၏ အစုရှယ်ယာများ ထည့်ဝင်ထားမှုအခြေအနေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များထံမှ အစုရှယ်ယာများ ဖိတ်ခေါ်ပြီး ထည့်ဝင်ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် အေးသာယာစက်မှုဇုန်တွင် သံရည်ကျိုစက်ရုံကို သတ်မှတ်ချိန်အတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် စက်မှုဇုန် အနီးကပ်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အတည်ပြုပေးကြသည်။

ဆက်လက်၍ ပြည်နယ်မြေစာရင်းဌာနမှူး ဦးတင်ဆန်းက သံရည်ကျိုစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေနေရာ ရွေးချယ်နိုင်ရန် အေးသာယာစက်မှုဇုန် အကွက်ချပုံစံနှင့် မြေနေရာလစ်လပ်မှု အခြေအနေကို တင်ပြသည်။ ယင်းနောက် ဝန်ကြီးက စက်ရုံအကောင်အထည်ဖော်နိုင်ရန် စက်မှုလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ စည်းစည်းလုံးလုံး၊ ယုံယုံကြည်ကြည်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တာဝန်ရှိသူများ လိုက်ပါ၍ အေးသာယာစက်မှုဇုန်၌ သံရည်ကျိုစက်ရုံစီမံကိန်း တည်ဆောက်မည့် မြေနေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးကာ အတည်ပြုသတ်မှတ်ပေးကြသည်။ (သတင်းစဉ်)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် Han Golf Masters မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ်(၉-မိုင်၊ ပြည်လမ်း)၌ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး၌ အသက်(၁၁-၁၂)နှစ် သက်တမ်းပြိုင်ပွဲတွင် ဉာဏ်လင်းက ၉၀ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး စွမ်းသီဟအောင်က ၉၅ချက်ဖြင့် ဒုတိယလိုက်နေသည်။

အသက် (၁၃-၁၄)နှစ် သက်တမ်းပြိုင်ပွဲတွင် နေဗလဝင်းမြင့်က ၇၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး လင်းမိုးထွန်းက ၈၀ချက်ဖြင့် ဒုတိယလိုက်နေသည်။

အသက် (၁၅-၁၇)နှစ် သက်တမ်းပြိုင်ပွဲတွင် စိုးမိုးဝင်းနှင့် ဖြိုးကျော်ကျော်တို့က ၇၄ချက်စီ ရရှိထားကြပြီး ရန်နိုင်ဖြိုးက ၇၉ချက်ဖြင့် ဒုတိယလိုက်နေသည်။

အမျိုးသမီး အသက်(၁၈)နှစ်အောက်ပြိုင်ပွဲတွင် စန္ဒီတိုးဆောင်က ၉၉ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ခိုင်မိုးကျော်က ၁၁၉ချက်ဖြင့် ဒုတိယလိုက်နေသည်။

ယင်းမျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Han Golf Masters Pte., Ltd. က အဓိကပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Wilson၊ Alpine Drinking Water၊ K.M Golf Centre၊ Myanmar Golf Club Restaurant၊ Maruman၊ Canon၊ Rapier၊ Star Ice-Cream၊ Myanmar Golf Club တို့ကလည်း ပံ့ပိုးကူညီပေးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို မေ ၂၇ရက် နံနက် ၇နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၆။ အကပဒေသာ
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ မြန်မာစာမြန်မာစကား
- ၅:၄၅ ၈။ **အမှန်မြတ်ဆုံးလက်ဆောင် [နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၆:၀၀ ၉။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာအစားအစာ(ကချင်)
- ၆:၁၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၂၀ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၂၅)**
- ၇:၃၅ ၁၅။ ရခိုင်ပြည်နယ်(အပိုင်း-၁)
- ၇:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း နှလုံးသားလွင်ပြင် (အပိုင်း-၁) (ရန်အောင်၊ ရဲမင်းပိုင်၊ ဆုပန်ထွာ) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မြို့ ဗုဒ္ဓဝိဟာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် မေ ၂၆

အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မြို့ ဗုဒ္ဓဝိဟာရကျောင်းတိုက် ပဓာနနာယက သက်တော်(၇၅)နှစ် သိက္ခာတော်(၅၆)ဝါရှိ ပြည်ပသာသနာပြု ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တရေဝတဓမ္မ မဟာထေရ်သည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၈ရက်၊ ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ဘာမင်ဟမ် ဗုဒ္ဓဝိဟာရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဘဒ္ဒန္တရေဝတမဟာထေရ်မြတ်၏ အန္တိမဈာပန ဓမ္မပူဇာတရားပွဲများ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း တောင်ရပ်ကွက် မိုးမခလမ်း၊ ဇေယျာသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ရန်ကုန်မြို့ ထားဝယ်ဆရာတော်များ ဦးစီးသော ထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တရေဝတ မဟာထေရ်မြတ်၏ အန္တိမဈာပန ဓမ္မပူဇာ တရားပွဲများ ကျင်းပမည်ဖြစ်ရာ မေ ၂၇ ရက် ည ၇နာရီခွဲတွင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တသူရိယာဘိဝံသ (မိုးတားဆရာတော်)က လည်းကောင်း၊ မေ ၂၈ရက် ည ၇နာရီခွဲတွင် မဟာဓမ္မာစရိယ M.A (Buddhism)(ဓမ္မစေတီ ထေရဝါဒဆရာတော်)ကလည်းကောင်း၊ မေ ၂၉ရက် ည၇နာရီခွဲတွင် တိပိဋကရေ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည် ဖြစ်ပါ၍ စမ်းချောင်းမြို့နယ် မိုးမခလမ်း ဇေယျာသုခကျောင်းတိုက်သို့ တရားတော်နာကြွရောက်ကြပါရန် သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မြို့ ဘာမင်ဟမ်ဗုဒ္ဓဝိဟာရကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဒေါက်တာဘဒ္ဒန္တ ရေဝတဓမ္မ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်ခြင်း။ ။ ဆရာတော်လောင်းလျာကို ၁၂၉၁ခုနှစ် နတ်တော်လဆန်း ၄ရက် ဗုဒ္ဓဟူးနေ့တွင် ဟင်္သာတခရိုင် ဇလွန်မြို့နယ် သမန်းကုန်း ကူးတို့ဆိပ်ရွာ၌ ခမည်းတော် အဘိဓမ္မာဆရာကြီး ဦးလူခင်- မယ်တော် ဒေါ်ပြန့်ကြီးတို့မှ ဖွားမြင်တော်မူခဲ့ပါသည်။

ရှင်၊ရဟန်းပြုတော်မူခြင်း။ ။ ၁၃နှစ်သားအရွယ်တွင် သမန်းကုန်းကူးတို့ဆိပ် ခါတော်မိုကျောင်း ဆရာတော် ဘဒ္ဒန္တဝိဇယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၁ခုနှစ် ဟင်္သာတမြို့ မြစ်ကွေ့ဆရာတော် ဘဒ္ဒန္တနန္ဒဓဇကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ အမှတ်(၁၅၁) ၄၆-လမ်းနေ ဦးတင်လှိုင်-ဒေါ်ခင်သောင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ စမ်းချောင်း၊ အောင်မင်္ဂလာဒ္ဒိကျောင်း ခဏ္ဍာသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ပရိယတ္တိစာပေသင်ကြားဆည်းပူးတော်မူခြင်း။ ။ ဆရာတော်လောင်းလျာသည် ကူးတို့ဆိပ်၊ ခါတော်မိုကျောင်း ဆရာတော် ဘဒ္ဒန္တဝိဇယ၊ ဟင်္သာတမြို့၊ ရေလဲရွာစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဥတ္တမ၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းဆရာတော်၊ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော်များအထံ၌ ပါဠိအဋ္ဌကထာဋီကာတို့ကို သင်ယူတတ်မြောက်ခဲ့ပြီး အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်တော်မူခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း။ ။ ၁၉၅၉ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီ၊ ဆန်စကရစ်တက္ကသိုလ်မှ သက်္ကရိုက်ဘာသာ ဒီပလိုမာဘွဲ့ရသည်။ ၁၉၆၁ခုနှစ်တွင် သက်္ကရိုက်ဘာသာ မဟာယာနကျမ်းစာဖြင့် ရှာဆထရီ(ဘီအေ)ဘွဲ့ ရသည်။ ၁၉၆၄ခုနှစ်တွင် သသ်ရိုက်ဘာသာ အိန္ဒိယအဘိဓမ္မာဖြင့် မဟာဝိဇ္ဇာ(အမ်အေ)ဘွဲ့ကိုရသည်။ ၁၉၆၇ခုနှစ်တွင် ဝိသုဒ္ဓိမဂ္ဂကျမ်း လေ့လာချက် စာတမ်းဖြင့် ဟိန္ဒူတက္ကသိုလ်မှ ပီအိပ်ချ်ဒီ ဒေါက်တာဘွဲ့ကို ရသည်။ အဘိဓမ္မသင်္ဂဟကျမ်းကို ဟိန္ဒီဘာသာပြန်ဆို၍ စာမျက်နှာ တစ်ထောင်ကျော်ရှိသော အဘိဓမ္မတ္ထ ပကာသိနီ အမည်ရှိသော ဟိန္ဒီဘာသာ ဋီကာကျမ်းကြီးကို ရေးသားခဲ့ရာ ၎င်းကျမ်းစာဖြင့် ဟိန္ဒီဘာသာစာပေ ကာလီဒါသ ပထမဆုကို ရရှိခဲ့သည်။

ပြည်ပသာသနာပြု စွမ်းဆောင်တော်မူခြင်း။ ။ ဆရာတော်သည် ၁၉၇၅ ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံ ဘာမင်ဟမ် ဗုဒ္ဓဝိဟာရကျောင်းတိုက်ကို ထူထောင်တော်မူခဲ့ပြီး ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၌ လှည့်လည်၍ ဗုဒ္ဓဒေသနာတော်များကို ဟောကြားခဲ့သည်။ The First Discourse of the Buddha, A Comprehensive Manual of Abhidhamma နှင့် The Buddha and His Disciples အင်္ဂလိပ်ဘာသာကျမ်းများကို ပြုစုတော်မူခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာတရားစခန်းများတွင် ဝိပဿနာကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း။ ။ ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဆေကဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာရေဝတဓမ္မအား ၁၃၆၁ခုနှစ်၊ ခရစ် ၂၀၀၀ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း။ ။ ဆရာတော်သည် ပြည်ပသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူရင်း သက်တော်(၇၅)နှစ်၊ သိက္ခာတော် ၅၆ ဝါအရ (၁၃၆၆ခုနှစ် နယုန်လဆန်း ၈ရက်) ၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ဒေသစံတော်ချိန် ၇:၀၀နာရီတွင် အင်္ဂလန်နိုင်ငံ၊ ဘာမင်ဟမ် ဗုဒ္ဓဓမ္မဝိဟာရကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် မေ ၂၆

ဒဂုံရတနာအိမ်ရာစီမံကိန်းဧရိယာအား စက်မှုဇုန်အဖြစ် ပြောင်းလဲ၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ စက်မှုဇုန်(၃) ပိုမိုကျယ်ပြန့်လာ၊ ဒီဇယ်အင်ဂျင်မျိုးစုံ ပြည်တွင်းမှာထုတ်လုပ်မည်၊ မြန်မာနှင့်မလေးရှား ပီနန်ဆိပ်ကမ်း တိုက်ရိုက်ကုန်သွယ်မည်၊ မြန်မာ-လာအို နှစ်နိုင်ငံဆက်သွယ်မည့် မဲခေါင်မြစ်ကူးတံတားတည်ဆောက်ရန် ပဏာမ စူးစမ်းလေ့လာရေးစတင်ပြီ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အီရတ်သုံ့ပန်းတို့အား စော်ကားမှုဖြင့် အထူးတပ်သားစစ်သည် ထောင်ဒဏ် ချခံရပြီ၊ အမြွှာတွေ မွေးပဲမွေးနိုင်လွန်းလာပြန်ပြီ ခြောက်မြွှာပူး၊ သွေးဆုံးရောဂါအတွက် ဟော်မုန်းဓာတ်ကုထုံးသည် ရင်သားကင်ဆာဖြစ်ရန် အလားအလာနှစ်ဆမကရှိဟုဆိုစီကိုအက်ပဆန်၏ လက်မ ၄၀ ရုပ်မြင်ဖန်ပြင် ကမ္ဘာ့ပထမဓိဝ လျှပ်စစ်မီးစုန်းပြကွက်ဖြစ်စသည့် ကဏ္ဍစုံလင်စွာကို e-Empire Media House၊ ဖုန်း-၇၀၃၈၀၃က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အကောက်ခွန်လုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သို့ ရောက်ရှိလာရာ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အတွင်းရှိ ထုတ်ကုန်/သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ စီမံရေးရာဌာနခွဲ၊ ကာကွယ်ရေးဌာနခွဲ၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ နယ်ရုံးများကြီးကြပ်ရေးဌာနခွဲတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။(သတင်းစဉ်)

ပေါင်းတည် မြတ်စွယ်တော်ဘုရားသို့ အလှူငွေလှူဒါန်း

ရန်ကုန် မေ ၂၆

ပေါင်းတည်မြို့တွင် တော်သလင်းလဆန်း၁၀ရက်မှ တော်သလင်းလပြည့်ကျော် ၁ရက်အထိ ဗုဒ္ဓပူဇနိယပွဲ ကျင်းပမြဲဖြစ်သည့် မြတ်စွယ်တော်ဘုရားကြီးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပရာ အလှူရှင်နှင့်တကွ မြတ်စွယ်တော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ မြတ်စွယ်တော်အာရုံခံတန်ဆောင်းအား တာဝန်ယူ၍ ပြုပြင်မွမ်းမံပေးခဲ့သူ Three Friends Co., Ltd. အိမ်အလှဆင်လုပ်ငန်းမှ အထွေထွေ မန်နေဂျာ ဦးကိုကိုလေးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

Three Friends Co., Ltd. သည် နေအိမ်၊ စက်ရုံ၊ ရုံးခန်း၊ ဘုရား၊သိမ်၊ကျောင်းများအတွက် ပလာစတာကောနစ်နှင့် အိမ်အလှဆင်ခြင်းအမျိုးမျိုးကို ပြုလုပ်ပေးလျက်ရှိရာ စိတ်ပါဝင်စားသူများသည် အမှတ်(၄၄) A-1 ကျိုတော်အိမ်ရာ (ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန အနောက်) မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ဖုန်း–၀၁–၂၀၁၁၂၁၊၂၉၄၈၆၄နှင့် ၀၉၈၀–၃၄၄၃၁တို့သို့ ဆက်သွယ်နိုင်ကြသည်။ (က–ပ)

ကိုမ်း(စ်)လှကျော်

ဟောင်ရင်ဟောင် မမယ်မ

ညီစေမင်း

ဟယ်လင်ကဲလား

ဆရာ ဦးရွှေမြ

မွေးနေ့ဆုတောင်းလွှာ

ဆရာမကြီး ဒေါ်ကေသီစိုးသိမ်း၏ မွေးနေ့ရက်မြတ်မှသည် အသက်ရာကျော်တိုင် ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံတော်အကျိုးများကို ကျန်းမာရွှင်လန်းစွာဖြင့် ဆတက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမက(၂)၊ ကမာရွတ်
ဆရာမများ
သမီး–မေသူ၊ သဇ္ဇာ။

JOB VANCANCY (For Local Service Only)

We are leading marketing and distribution company and our principal, a reputable pharmaceutical MNC, Operating in Myanmar required, the following personnel.
(For Yangon,Mandalay,Myitkyina,Lashio,Tachileik, Myeik,Sittwe,Pathein)

1. Deputy Marketing Manager (M) (2)Post
(For Yangon/Mandalay)
2. National Sales Manager (M) (2)Post
(For Yangon/Mandalay)
3. Medical Representative (M/F) (10)Post
- Should be B.Pharm/B.Sc(Zoo/Chem/Bot) with at lease 2 years sales experiences.
4. Sales representatives (M/F) (10)Post
- Should have at lease 2 years sales experience of pharmaceuticals products.

Note- All position require Fluency of spoken & written English. If you feel that you meet the requirements, please rush in your CV's Labour Registration Cards within 7 days from this announcement to P.O Box (114), Yangon, Myanmar.

Job Vacancy
(for local services only)

We are a leading marketing and distribution company and we required well-qualifed personnels for the positions.

Secretary 1 Post
- must have good command of English fluently and good computer skill
- Should have at least 2 - 3 years of related working experience

Supervisor Sales (Male) 1 Post
- Should have worked as a front line sales person (preferably 2 - 3 years at supervisory level) in organizations
- Selling pharmaceuticals products.
- Can handle, promotion of ethical product range
- Also responsible to achieve organization goal

Medical Representatives 2 Post
(Yangon Division 1-Post, Mon State 1-Post)
- Should be B Pharm/ B Sc (Zoo / Chem/ Bot) with at least 2 - 3 years of sales experience promotional experience
- Reporting to the supervisor, he or she will be responsible to promote the ethical product range.
- Willing to travel to any city within Myanmar for Medical promotion.
- Experience in Pharmaceutical Marketing will be of advantage.

Note - All positions require fluency of spoken & written English. If you feel that you meet the requirements, please rush in your CV's with Labour Registration Card within 7 days from this announcement to P.O Box (905), Yangon, Myanmar.

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၄–ခ)နေ ဦးသိန်းဟန်–ဒေါ်ကြည်အေး(ပင်ပျိုရွက်န လက်ဖက်ခြောက်၊ လက်ဖက်စိုနှင့် အကြော်စုံ ရောင်းဝယ်ရေး) တို့၏ တစ်ဦးတည်းသောသား

မောင်သန့်ဇင်

B.Sc (Maths)

နှင့်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၆၂)နေ ဦးတင်အောင်–ဒေါ်ကျင်စန်း တို့၏သမီးကြီး

မခင်သီသီအောင်

တို့၏ ၂၃–၅–၂၀၀၄ရက် Sedona Hotelတွင် ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော သမဝါယမဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်မာမာဦးအားလည်းကောင်း၊ ၅–၂–၂၀၀၄ရက် Traders Hotel ၌ကျင်းပသော စေ့စပ်မင်္ဂလာပွဲ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဗိုလ်မှူးကြီးဝင်းကြည်နှင့် ဇနီး ဒေါ်မြမြင့်သူအားလည်းကောင်း၊ ၂၀–၅–၂၀၀၄ရက်တွင် ရွှေတောင်ကြားနေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးခဲ့သော ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ယဉ်သီတာစန်းအားလည်းကောင်း၊ မင်္ဂလာလက်ထပ်ပွဲတွင် လျှောက်လှမ်းပေးသော ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် မောင်ပြည့်ဖြိုးကျော်၊ မင်္ဂလာစပယ်ပန်းကုံးသယ်ယူကိုင်ဆောင်ပေးသော မပိုင်းစုခိုင်သိန်း၊ သတို့သားအရံ၊ သတို့သမီးအရံများဖြစ်ကြသော မောင်အာကာ၊ မောင်နေထူးနိုင်၊ မဇင်ဇင်ဇော်မြင့်၊ မခင်လေးနွယ်နှင့် မင်္ဂလာပန်းကမ်းပေးသော မဓာနည်မွန်မွန်ဇော်၊ မမေသူတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦးအားလည်းကောင်း၊ တေးသံသာများဖြင့်ဖျော်ဖြေပေးသောEmperor Band နှင့် အဖွဲ့သားများအားလည်းကောင်း၊ အလှပြုပြင်ပေးသော မိတ်ကပ်အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော Omega အလှပြုပြင်ရေးအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးအားလည်းကောင်း၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မြို့မကျောင်းလမ်းရှိ Oriental House Restaurant တွင် ကျင်းပသော မင်္ဂလာညစာစားပွဲ၌ တေးသံသာများဖြင့် ဖျော်ဖြေပေးသော Rainbow Band နှင့် Oriental House Restaurant မှ တာဝန်ခံ ဦးအေးထွန်း၊ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာပွဲနှင့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာနိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်–မခင်သီသီအောင်။

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် မေ ၂၆

၂၀၀၄ခုနှစ် ဇွန် ၂ရက်မှ ၅ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်၌ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၈ ပေခန့်မှ ၂၀ ဒသမ ၃၇ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသောပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

Ruby

အမြန်ရောင်းမည်

အောင်မင်္ဂလာ အဝေးပြေး အနီး သုဓမ္မာလမ်းမကြီးပေါ် ၄၀' x ၃၀' BN ၂ထပ်။ ဖုန်း–၀၉၅၀၁၂၃၂၂။

Educational Seminar
INFORMATICS
THAMES
IT / Business
29-5-04
30-5-04 Business Administration
20% Discount (Only 2 Days)
No. 220/222,(OSM - Centre) Botataung Pagoda Rd., Pazundaung Tsp.
For enquire = > > > Ph: 525971, 706740, 200343, 558360, 296829

09-5003646
(01) 382323, 382337 , 251230, 681310, 663317, 660283, 02 - 80227

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(1) 12 Volt Battery များ
(2) Magneto Telephone များ
(3) Hard Coke 100 Tons
(4) MCCB Circuit Breaker များ
(5) Vacuum Hose Pipe 23" (5000)Nos
(6) ငွေသေတ္တာ(၂၀)လုံး

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၀-၆-၂၀၀၄(ကြာသပတေး)(၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်–၁၀-၆-၂၀၀၄(ကြာသပတေး) (၁၄:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် ၂၇-၆-၂၀၀၄နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ (ထောက်ပံ့ဌာန)၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ရန်ကုန်မြို့။
☎ ၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၁၃။

သင်ရွှေဆိုင်ဖွင့်လိုပါသလား?
သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့် ရွှေပညာတတ်မြောက်လိုသူများအတွက်

(၁) ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂) ရွှေထည်၊ ကျောက်ထည်ဝယ်နည်း
(၃) ရွှေထည်၊ ကျောက်ထည်အပေါင်ခံနည်း
(၄) ရွှေထည်၊ ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅) ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆) ရွှေအတု၊ အစစ်ခွဲနည်း
(၇)ရွှေချွတ်နည်း(သို့)ရွှေအခေါက်အဖြစ်သန့်စင်နည်းစသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင်တစ်ဦးအနေနှင့် သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ (၁)လနှင့်အပြတ် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။ သင်တန်းတက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ၊ သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည်ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းစမည့်ရက်
၁-၆-၂၀၀၄

သင်တန်းချိန် –နံနက် ၁၀:၀၀နာရီမှ ၁၁:၃၀နာရီထိ (သို့)
–ညနေ ၄:၀၀ မှ ၅:၃၀ထိ
သင်ကြားမည့်ရက် –တနင်္လာနေ့မှ သောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ–သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစတိုး
အမှတ်–၂၆၅၊ ပြည်လမ်းနှင့်ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမီးပွိုင့်အနီး၊ဖုန်း–၅၂၅၅၇၉၊၇၂၃၂၇၆၊ ၅၀၅၆၃၆၊ ၀၉၅၀–၁၄၅၀၄။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ –၃၇၃)
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ် –၇၇

ဘဝနတ်ထံပျံလွန်တော်မူခဲ့သော ဆရာတော် ဦးနန္ဒိယ၌
ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဆရာတော် ဘဒ္ဒန္တ ဉာဏမဥ္ဇူ **လျှောက်သူ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလသုခပါဠိတက္ကသိုလ်စာသင်တိုက်နေ ဆရာတော် ဘဒ္ဒန္တဉာဏမဥ္ဇူက ဘဝနတ်ထံပျံလွန်တော်မူခဲ့သော ဆရာတော် ဦးနန္ဒိယနှင့် အတူတကွ သီတင်းသုံးခဲ့ကြသော ဆရာတော်များဖြစ်သည်ဟူ၍ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလသုခပါဠိတက္ကသိုလ်စာသင်တိုက်နေ ၎င်းဘဝနတ်ထံပျံလွန်တော်မူခဲ့သော ဆရာတော် ဦးနန္ဒိယမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းဘဝနတ်ထံပျံလွန်တော်မူခဲ့သော ဆရာတော် ဦးနန္ဒိယမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် ဇွန်လ ၁၁ရက်(၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၈ရက်)နေ့တွင် လာရောက်ရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဆရာတော် ဘဒ္ဒန္တဉာဏမဥ္ဇူ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် မေလ ၂၅ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၂)ရက်
(၂၀၀၄ခုနှစ် မေလ ၁၅ရက်)

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ (၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှ ရတနာကုန်သည်များနှင့်တွေ့ဆုံပြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။
(ခ) နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက်အခြေအနေများ လေ့လာနိုင်ရန်။
(ဂ) ပြည်ပမှရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။
(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ မေလ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေး အဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

"ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်"
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကြီးမှူးသည့်

✳ ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် ၁၈/ ၂၀၀၄ ကို ၂၀၀၄ခုနှစ် ဇွန်လ ၃ရက်နေ့တွင် ဖွင့်လှစ်ပါမည်။

* စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
* ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂)လမ်းမကြီးတွင် ဖွင့်လှစ်မည်။
* သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်းမြင်သာရုံးမှ တစ်ဆင့်ကြို/ပို့ယာဉ်များ စီစဉ်ပေးမည်။
* နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့ စီစဉ်ပေးမည်။
* သင်တန်းတက်ရောက်လိုသူများ ၂-၆-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။

✳ ဆက်သွယ်စာရင်းပေးရန်လိပ်စာ

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း –၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇။

အနွတ္တရာယ်ရှိအဆောက်အအုံအား ဖြိုဖျက်ဝယ်ယူရန်
ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၂၆)ရှိ အန္တရာယ်ရှိအဆောက်အအုံအား ဖြိုဖျက်မည်ဖြစ်ပါသဖြင့် အဆိုပါအဆောက်အအုံအား ဖြိုဖျက်ဝယ်ယူရန်အတွက် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

အဆိုပါအန္တရာယ်ရှိ အဆောက်အအုံအား ဖြိုဖျက်ဝယ်ယူရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဖြိုဖျက်ဝယ်ယူလိုသည့် ဈေးနှုန်းကို ဈေးနှုန်းတင်သွင်းလွှာပုံစံတွင် ဖြည့်စွက်ဖော်ပြပြီး တင်သွင်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီးရှိ ဆယ်ထပ်ရုံး [အင်ဂျင်နီယာဌာန(အဆောက်အအုံ)]ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ပုံစံတစ်စောင်လျှင် ၂၀၀၀ကျပ်နှုန်းဖြင့် ဝယ်ယူလျှောက်ထားနိုင်ပါသည်။ တင်ဒါလျှောက်လွှာပိတ်ရက်မှာ ၁၅-၆-၂၀၀၄(အင်္ဂါနေ့)ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) (ဖုန်း –၂၄၉၅၂၅၊ ၂၄၈၁၁၂၊ လိုင်းခွဲ–၂၇၉)သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၅၀/ဘီ)နေ
ဦးမြင့်ဆွေ – ဒေါ်အေးအေးနွယ်တို့၏ တစ်ဦးတည်းသောသား
မောင်လှိုင်ဝင်း B.E(Civil) , M.E(1st Semester)
